မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၃ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် )

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လက်ရှိကျင့်သုံးဆောင်ရွက်နေသော အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ စိစစ်ကြပ်မတ်ခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | သူရဦးသောင်းလွင် | ဥက္ကဋ္ဌ |
| (ခ) | ဦးမော်သန်း<br>ပါမောက္ခချုပ် (အငြိမ်းစား) | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်မင်းထွန်း<br>ဒုတိယပါမောက္ခချုပ် (အငြိမ်းစား) | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) | အဖွဲ့ဝင် |
| (င) | ဒေါ်ဝါဝါထွန်း<br>မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမောင်မောင်လေး<br>မြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ကြည်ကြည်စိန်<br>ပါမောက္ခ (အငြိမ်းစား) | အဖွဲ့ဝင် |

(၉) ဦးကေကေ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)

(၈၂) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

၂။ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အခွန်စည်းကြပ်ကောက်ခံရာတွင် ရသင့်ရထိုက်သောအခွန်ရရှိခြင်း ရှိ၊ မရှိ စိစစ်ရန်၊

(ခ) နိုင်ငံတော်အတွင်း ဆောင်ရွက်နေသည့် ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းများမှ အခွန်ကောက်ခံရရှိမှုကို စိစစ်ရန်၊

(ဂ) အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ တင်ပြရန်၊

(ဃ) ရသင့်ရထိုက်သောအခွန်ရရှိရေး၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရေးအတွက် လက်ရှိ အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ လေ့လာသုံးသပ်အကြံပြုရန်၊

(င) မြန်မာနိုင်ငံ၏အခွန်ကောက်ခံမှု စနစ်တကျဖြစ်စေရေးနှင့် အခွန်ပြည့်ပြည့်ဝဝရရှိရေး ရည်မှန်းချက် အား အထောက်အကူပြုရန်။

အမိန့်အရ

ဇော်သန်းသင်း၊
အတွင်းရေးမှူး၊
ပြည်ထောင်စုအစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

အမှတ် ၃၃ ။ ။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်၊ ကန်ရေကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၃၂၉/မင်းဘူးကွင်း)၊ ဦးပိုင်အမှတ် (၃၅/၂)၊ ဧရိယာ (၁. ၉၁) ဧက၊ ဦးပိုင်အမှတ် (၃၆)၊ ဧရိယာ (၅. ၂၈) ဧက၊ ဦးပိုင်အမှတ် (၃၇/၁)၊ ဧရိယာ (၃. ၄၈) ဧကနှင့် ဦးပိုင်အမှတ် ( - )၊ ဧရိယာ (၀. ၂၉)၊ စုစုပေါင်းဧရိယာ **(၁၀. ၉၆) ဧက**အား ရေခဲစက်ရုံမြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၃၁,၅၂၀/-)** နှုန်းဖြင့် **"ဦးသန်းထိုက်ရှိန် [၈/မဘန (နိုင်) ၀၀၀၁၂၉]"** အမည်ဖြင့် အထက် မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြု လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

အမှတ် ၃၄ ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ဘဲကျေးရွာအုပ်စုနှင့် ညောင်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၃၉၀-က/အောင်သာမြောက်၊ ၃၈၉/နံဂါတ်မြောက်)၊ ဦးပိုင်အမှတ် (၆၁/၈၅)၊ မြေဧရိယာ (၁. ၂၁) ဧကနှင့် ဦးပိုင်အမှတ် (၁၆၇)၊ မြေဧရိယာ (၂၁. ၀၅) ဧက စုစုပေါင်းဧရိယာ (၂၂. ၂၆) **ဧကအား ဗာဂျီးနီးယားဆေးလုပ်ငန်း၊ အောင်သာယာဆေးပေါင်းစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၈၀,၁၃၆/-)** နှုန်းဖြင့် **"မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

အမှတ် ၃၅ ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ဗလဘာကျေးရွာအုပ်စုနှင့် မောက္ကလန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၇၀/အင်းမအနောက်၊ ၂၇၁/ဗြိဇ်မြောက်) ဦးပိုင်အမှတ် (၃၁၆၊ ၃၁၇၊ ၃၁၈၊ ၃၁၉၊ ၆၅၊ ၆၆၊ ၆၈၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂) မြေဧရိယာ **(၁၀. ၈၅) ဧက**အား **ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံ၊ ကိုရင့်ဆေးပေါင်းစခန်း** မြေနေရာအဖြစ် အသုံးပြုရန် အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၉,၀၆၀/-)** နှုန်းဖြင့် **"မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့် ပြုလိုက်သည်။

အမှတ် ၃၆ ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ တပ်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်/အမည် (၁၄၈၁-က/တပ်ကုန်းမြောက်၊) ဦးပိုင်အမှတ် (OA)၊ မြေဧရိယာ **(၁၆. ၆၆)** ဧကအား **ဗာဂျီးနီးယားဆေးလုပ်ငန်း၊ တပ်ကုန်းဆေးပေါင်းစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄၉,၉၈၀/-)** နှုန်းဖြင့် **"မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

အမှတ် ၃၇ ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကွန်းရွာကျေးရွာအုပ်စုနှင့် ကျွဲတဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၃၁၄/ရွှေတန့်တစ်အလယ်၊ ၃၁၅/ကျွဲတဲ)၊ ဦးပိုင်အမှတ် (၅၇/၁၊ ၅၇/၂၊ ၅၈)၊ မြေဧရိယာ (၁၀. ၃၇) ဧကနှင့် ဦးပိုင်အမှတ် (၅၃-ည၊ ၅၃-င/၁၊ ၅၃-င/၂)၊ မြေဧရိယာ (၁၁. ၃၀) ဧက စုစုပေါင်းဧရိယာ **(၂၁. ၆၇) ဧက**အား **ဧရာ (၁) ဆေးပေါင်းစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၇၈,၀၁၂/-)** နှုန်းဖြင့် **"မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁-ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

အမှတ် ၃၈ ။ ။ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျေးချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၅၂-က၊ ၁၂၉၇-က၊ ၁၂၉၈-က) ရှိ မြေရိုင်းဧရိယာ (၁၇. ၈၀) ဧကအား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ မြန်မာစီးပွားရေးကော်ပိုရေးရှင်း **"သကြားစက်ရုံ (ဒဟတ်ကုန်း)"** မြေအဖြစ် အသုံးပြုရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး မြန်မာ စီးပွားရေးကော်ပိုရေးရှင်း **"သကြားစက်ရုံ (ဒဟတ်ကုန်း)"** မြေအဖြစ် အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

အမှတ် ၃၉ ။ ။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ - ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါ မြေများကို အများပြည်သူအကျိုးငှာ **လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ထားဝယ်လေဆိပ်)** မြေအဖြစ် အသုံးပြုရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အလိုရှိကြောင်းကြော်ငြာလိုက်သည်။

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ရပ်ကွက် အမည် | ကွင်း | | ဦးပိုင် ပေါင်း | မြေဧရိယာ (ဧက) |
|---|---|---|---|---|---|---|
| | | | အမှတ် | အမည် | | |
| တနင်္သာရီ | ထားဝယ် | ဆင်ဆိပ် | ၄ A | စံကယ် A | ၁ ခု | ၁. ၂၅၃ |
| တနင်္သာရီ | ထားဝယ် | ဆင်ဆိပ် | ၄ B | စံကယ် B | ၁၃ ခု | ၃၁. ၆၉၂ |
| တနင်္သာရီ | ထားဝယ် | ဆင်ဆိပ် | ၇ | ထိန်ဟောင်းအရှေ့ | ၁ ခု | ၀. ၅၅၅ |
| တနင်္သာရီ | ထားဝယ် | ဗျောတော၀ | ၃၄ | ဗျောတော၀တောင် | ၂၈ ခု | ၁၁. ၉၀၂ |
| **စုစုပေါင်း** | | | | | **၄၃ ခု** | **၄၅. ၄၀၂** |

မြေသိမ်းအက်ဥပဒေပုဒ်မ - ၃၊ ပုဒ်မခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ခရိုင်အုပ်ချုပ်ရေးမှူး၊ ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

မြေသိမ်းအက်ဥပဒေပုဒ်မ - ၄၊ ပုဒ်မခွဲ (၂) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အထက်ဖော်ပြပါဒေသရှိ မြေနှင့်စပ်လျဉ်း၍ ယင်းအက်ဥပဒေပုဒ်မခွဲတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရန် ခရိုင်အုပ်ချုပ်ရေးမှူး၊ ထားဝယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

အမှတ် ၄၀ ။ ။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ - ၆ အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ထားဝယ်လေဆိပ်) အတွက် အသုံးပြုရန် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြော်ငြာလိုက်သည်။

**မြေအကြောင်းအရာ ဖော်ပြချက်**။ တိုင်းတာသတ်မှတ်ထားသောမြေ၏ ကွင်းအမှတ်/အမည်၊ ဦးပိုင်အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြအပ်ပါသည်။
ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

အရှေ့လားသော် - ဦးမျိုးမင်း၊ ဦးမျိုးလွင်၊ ဦးအုန်းရွှေ၊ ကာကွယ်ရေးဌာန၊ ဦးဘဟန်၊ ဦးသိန်းဖေ၊ ဦးဘိုးစိန်၊ ဦးလှဒင်၊ ဦးမောင်တင်၊ ခလရ (၂၅) တပ်မြေ

အနောက်လားသော် - ဩရဂဋ္ဌုဘုရား၊ ဦးမျိုးလွင်၊ သီဟိုတောသုသာန်အဟောင်း၊ ကိုးနဝင်းစေတီ၊ စစ်ဘက်ဆိုင်ရာအတွက် သီးသန့်မြေ၊ ဂေါက်ကွင်းမြေ၊ ခလရ (၂၅)၊ တိုင်းအားကစားကွင်း၊ ငါးလုပ်ငန်းဦးစီးဌာန၊ စာတိုက်၊ ကြေးနန်းဝန်ထမ်းအိမ်ရာမြေ

တောင်လားသော် - အာဇာနည်လမ်း

မြောက်လားသော် - ထားဝယ် - ရေးလမ်း

**မှတ်ချက်**။ စာရင်းတွင်ဖော်ပြပါ မြေကွက်များနှင့် ဧရိယာများသည် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် အသုံးပြုသော မြေပုံအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ - ၁၇၊ ပုဒ်မခွဲ (၁) အရ မြေသိမ်းအက်ဥပဒေပုဒ်မ - ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ

အဆိုပါမြေကို သိမ်းယူပြီးလျှင် **လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ထားဝယ်လေဆိပ်)** အတွက် အသုံးပြုရန် **ပို့ဆောင်ရေးဝန်ကြီးဌာန**သို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ်တော် အရာရှိအား ညွှန်ကြားလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

အမှတ် ၄၁ ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ မိုးကွဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၄၃/မိုးဖြူ ၁၄၄/မိုးကွဲ)၊ ဦးပိုင်အမှတ် (၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၇၅၊ ၁၇၆၊ ၁၇၉၊ ၂၄၉၊ ၃၆၄၊ ၃၆၅) မြေဧရိယာ **(၁၃. ၆၆) ဧက**အား **မိုးကွဲဆေးပေါင်းစခန်း**မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄၉,၁၇၆/-)** နှုန်းဖြင့် **"မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁ - ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

အမှတ် ၄၂ ။ ။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ မန်ဟဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၂၂/လာတေ့ကွင်း)၊ ဦးပိုင်အမှတ် (N-၁၃၊ N-၉) ရှိ **"လွယ်မုတ်ဘုန်းတော်ကြီးကျောင်းနှင့် ကိုးသိန်းကိုးသန်းစေတီ"** အခွန်လွတ်သာသနာ့မြေဧရိယာ (၂၂. ၀၇) ဧကအနက်မှ **ဧရိယာ (၀. ၀၉၁) ဧက**အား ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၅၃ (က) နှင့်အညီ သိမ်ဒါယိကာမ ဒေါ်သင်းစိန် [၉/မနတ (နိုင်) ၀၅၉၂၅၇] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၃၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက် )

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ၊ လွှစာကျေးရွာအုပ်စုမှ ကညင်ကိုင်းကျေးရွာ၊ သပေါ့အိုင်ကျေးရွာ၊ ရွာသာယာကျေးရွာ၊ ဒရယ်ဖြူလေးကျေးရွာနှင့် ဘိုင်းဒေါင့်ချောင်း ကျေးရွာအုပ်စုမှ ညဏ်ကွင်းကျေးရွာ၊ မရမ်းကုန်းကျေးရွာ၊ စုစုပေါင်းကျေးရွာ (၆) ရွာတို့အား စုစည်း၍ ကညင်ကိုင်းကျေးရွာအုပ်စုအဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| မူလကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) လွှစာ | (၁) လွှစာ | (၁) လွှစာ | (၁) လွှစာ |
| | (၂) ဇင်ပျွန်းကျွန်း | | (၂) ဇင်ပျွန်းကျွန်း |
| | (၃) ကွကွလေး | | (၃) ကွကွလေး |
| | (၄) မြင်းကကုန်း | | (၄) မြင်းကကုန်း |
| | (၅) ဒေါင့်ကြီးကုန်း | | (၅) ဒေါင့်ကြီးကုန်း |
| | (၆) ကနုကမာ | | (၆) ကနုကမာ |
| | (၇) လက်ပံကုန်း | | (၇) လက်ပံကုန်း |

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| | (၈) ကန်သာယာ | | (၈) ကန်သာယာ |
| | (၉) ဒရယ်ဖြူကြီး | | (၉) ဒရယ်ဖြူကြီး |
| | (၁၀) ရွှေကျွန်းသာ | | (၁၀) ရွှေကျွန်းသာ |
| | (၁၁) **ကညင်ကိုင်း** | (၂) **ကညင်ကိုင်း** | (၁) **ကညင်ကိုင်း** |
| | (၁၂) **သပေါ့အိုင်** | | (၂) **သပေါ့အိုင်** |
| | (၁၃) **ရွာသာယာ** | | (၃) **ရွာသာယာ** |
| | (၁၄) **ဒရယ်ဖြူလေး** | | (၄) **ဒရယ်ဖြူလေး** |
| | | | (၅) **ညဏ်ကွင်း** |
| | | | (၆) **မရမ်းကုန်း** |
| (၂) ဘိုင်းဒေါင့်ချောင်း | (၁) ဘိုင်းဒေါင့်ချောင်း | (၁) ဘိုင်းဒေါင့်ချောင်း | (၁) ဘိုင်းဒေါင့်ချောင်း |
| | (၂) ကုန်းကြီး | | (၂) ကုန်းကြီး |
| | (၃) ကဒန်းကြီး | | (၃) ကဒန်းကြီး |
| | (၄) မကျီးချောင်း | | (၄) မကျီးချောင်း |
| | (၅) ဖိုးထုံး | | (၅) ဖိုးထုံး |
| | (၆) မြောက်လက်ကုန်း | | (၆) မြောက်လက်ကုန်း |
| | (၇) နှာခေါင်းပေါက် | | (၇) နှာခေါင်းပေါက် |
| | (၈) ချစ်တီးကုန်း | | (၈) ချစ်တီးကုန်း |
| | (၉) လိပ်ကုန်း | | (၉) လိပ်ကုန်း |
| | (၁၀) ဘိုကုန်း | | (၁၀) ဘိုကုန်း |
| | (၁၁) ကတန်းကလေး | | (၁၁) ကတန်းကလေး |
| | (၁၂) စခန်းကုန်း | | (၁၂) စခန်းကုန်း |
| | (၁၃) ချောင်းကြီး | | (၁၃) ချောင်းကြီး |
| | (၁၄) သပြေချောင်း | | (၁၄) သပြေချောင်း |
| | (၁၅) **ညဏ်ကွင်း** | | |
| | (၁၆) **မရမ်းကုန်း** | | |

အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ၊ လွှစာကျေးရွာအုပ်စုမှ ကညင်ကိုင်းကျေးရွာ၊ သပေါ့အိုင်ကျေးရွာ၊ ရွာသာယာကျေးရွာ၊ ဒရယ်ဖြူလေးကျေးရွာနှင့် ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စုမှ ညဏ်ကွင်းကျေးရွာ၊ မရမ်းကုန်းကျေးရွာ၊ စုစုပေါင်းကျေးရွာ (၆) ရွာတို့အား စုစည်း၍ ကညင်ကိုင်းကျေးရွာအုပ်စု တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်း

အမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၉) ဦးတို့အား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တွင် ရဲမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူး အဆင့်ဖြင့် ခန့်အပ်တာဝန်ပေးအပ်လိုက်သည် -

(က) ရေ ၃၅၄၆ ဗိုလ်မှူးအောင်ဇော်မိုး
(ခ) ရေ ၃၅၇၅ ဗိုလ်မှူးခွန်မျိုးမြရှိန်
(ဂ) ရေ ၃၆၂၀ ဗိုလ်မှူးကျော်ဝင်းလှိုင်
(ဃ) ရေ ၃၆၇၇ ဗိုလ်မှူးစိုးလင်းအေး
(င) ရေ ၃၆၉၁ ဗိုလ်မှူးအောင်ကျော်ဦး
(စ) ရေ ၃၆၉၄ ဗိုလ်မှူးခင်မောင်ထွေး
(ဆ) ရေ ၃၆၉၅ ဗိုလ်မှူးလှမိုး
(ဇ) ရေ ၃၇၀၆ ဗိုလ်မှူးကျော်သက်နိုင်
(ဈ) ရေ ၃၇၃၂ ဗိုလ်မှူးသန်းလွင်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၂/၂၀၁၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်း အမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၃) ဦးတို့အား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တွင် ဒုတိယရဲမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူး အဆင့်ဖြင့် ခန့်အပ်တာဝန်ပေးအပ်လိုက်သည် -

(က) ရေ ၃၉၁၃ ဗိုလ်ကြီးကျော်ဝင်းသန်း
(ခ) ရေ ၄၀၀၄ ဗိုလ်ကြီးလှမိုးကျော်
(ဂ) ရေ ၄၀၀၇ ဗိုလ်ကြီးမျိုးသွင်ဦး

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၃/၂၀၁၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တွင် ရဲမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ် တာဝန်ပေးအပ်လိုက်သည် -

(က) ရေ ၃၆၇၁ ဗိုလ်မှူးအောင်ကျော်ထိုက်
(ခ) ရေ ၄၁၁၄ ဗိုလ်မှူးရဲဝင့်နောင်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၄/၂၀၁၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်

ပြုခဲ့သည့် လေ ၂၅၃၂ ဗိုလ်မှူးအုပ်စိုးထွန်းအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့တွင် ရဲမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၅/၂၀၁၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၁၃) ဦးတို့အား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်တာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း | ၂၆၀၀၉ | ဗိုလ်မှူးဇော်သီဟ |
| (ခ) | ကြည်း | ၂၉၄၈၉ | ဗိုလ်မှူးသန်းထိုက်စိုး |
| (ဂ) | ကြည်း | ၂၉၇၅၃ | ဗိုလ်မှူးမျိုးသန်းထိုက် |
| (ဃ) | ကြည်း | ၃၀၃၆၉ | ဗိုလ်မှူးဇော်မျိုးအောင် |
| (င) | ကြည်း | ၃၀၃၉၂ | ဗိုလ်မှူးတင်မျိုးထူး |
| (စ) | ကြည်း | ၃၀၄၀၃ | ဗိုလ်မှူးမြတ်အောင် |
| (ဆ) | ကြည်း | ၃၀၄၉၇ | ဗိုလ်မှူးသန့်ဇင်အောင် |
| (ဇ) | ကြည်း | ၃၁၆၀၃ | ဗိုလ်မှူးသန့်ဇင်လင်း |
| (ဈ) | ကြည်း | ၃၁၈၀၇ | ဗိုလ်မှူးမျိုးမင်းလွင် |
| (ည) | ကြည်း | ၃၁၈၃၅ | ဗိုလ်မှူးမျိုးဝဏ္ဏ |
| (ဋ) | ကြည်း | ၃၁၈၉၆ | ဗိုလ်မှူးအောင်သန်းတိုး |
| (ဌ) | ကြည်း | ၃၂၃၀၂ | ဗိုလ်မှူးထိန်ဝင်း |
| (ဍ) | ကြည်း | ၃၂၇၅၁ | ဗိုလ်မှူးသန့်ဇင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၆/၂၀၁၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် ကြည်း ၂၂၅၉၂ ဗိုလ်မှူးမျိုးဇော်ဦးအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ် တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၇/၂၀၁၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်း အမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၃) ဦးတို့အား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစ၍ အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်တာဝန်ပေးအပ်လိုက်သည် -

(က) ကြည်း ၁၉၃၄၀ ဗိုလ်မှူးသိန်းအောင်
(ခ) ကြည်း ၁၉၃၅၁ ဗိုလ်မှူးကျော်ဝင်းဦး
(ဂ) ကြည်း ၂၆၁၂၈ ဗိုလ်မှူးမြတ်မိုး

## အမိန့်ကြော်ငြာစာ (၂၉၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက် )

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ၊ ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စုမှ ချောင်းကြီးကျေးရွာနှင့် သပြေချောင်းကျေးရွာ၊ စလူဆိပ်ကျေးရွာအုပ်စုမှ ဒရယ်ဖြူကျေးရွာ၊ လွှစာကျေးရွာအုပ်စုမှ ဒရယ်ဖြူကြီးကျေးရွာ စသည့် ကျေးရွာ (၄) ရွာနှင့် ဆိပ်ကလေးကျေးရွာ၊ ကရင်မချောင်းကျေးရွာ၊ အထက်စုကျေးရွာ၊ ကန့်ဘလာတစ်ပင်ကျေးရွာ၊ အလံတစ်ရာကျေးရွာ စသည့် ကျေးရွာတိုး (၅) ရွာ၊ စုစုပေါင်း ကျေးရွာ (၉) ရွာအား စုစည်း၍ သပြေချောင်းကျေးရွာအုပ်စု (၁) အုပ်စုအဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြင်ဆင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြင်ဆင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ဘိုင်းဒေါင့်ချောင်း | (၁) ဘိုင်းဒေါင့်ချောင်း | (၁) ဘိုင်းဒေါင့်ချောင်း | (၁) ဘိုင်းဒေါင့်ချောင်း |
| | (၂) ကုန်းကြီး | | (၂) ကုန်းကြီး |
| | (၃) ကဒန်းကြီး | | (၃) ကဒန်းကြီး |
| | (၄) မကျီးချောင်း | | (၄) မကျီးချောင်း |
| | (၅) ဖိုးထုံး | | (၅) ဖိုးထုံး |
| | (၆) မြောက်လက်ကုန်း | | (၆) မြောက်လက်ကုန်း |
| | (၇) နှာခေါင်းပေါက် | | (၇) နှာခေါင်းပေါက် |
| | (၈) ချစ်တီးကုန်း | | (၈) ချစ်တီးကုန်း |
| | (၉) လိပ်ကုန်း | | (၉) လိပ်ကုန်း |
| | (၁၀) ဘိုကုန်း | | (၁၀) ဘိုကုန်း |
| | (၁၁) ကတန်းကလေး | | (၁၁) ကတန်းကလေး |
| | (၁၂) စခန်းကုန်း | | (၁၂) စခန်းကုန်း |
| | (၁၃) သပြေချောင်း | (၂) **သပြေချောင်း** | (၁) သပြေချောင်း |
| | (၁၄) ချောင်းကြီး | | (၂) ချောင်းကြီး |
| | | | (၃) ဒရယ်ဖြူ |
| | | | (၄) ဒရယ်ဖြူကြီး |
| | | | (၅) **ဆိပ်ကလေး** |
| | | | (၆) **ကရင်မချောင်း** |
| | | | (၇) **အထက်စု** |
| | | | (၈) **ကန့်ဘလာတစ်ပင်** |
| | | | (၉) **အလံတစ်ရာ** |

**မှတ်ချက်။** ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စုမှ သပြေချောင်းကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ စလူဆိပ် ကျေးရွာအုပ်စုမှ ဒရယ်ဖြူကျေးရွာ၊ လွှစာကျေးရွာအုပ်စုမှ ဒရယ်ဖြူကြီး ကျေးရွာနှင့် **တိုးချဲ့ကျေးရွာ (၅) ရွာ** တို့အား **သပြေချောင်းကျေးရွာအုပ်စု** အဖြစ် **တိုးချဲ့** ဖွဲ့စည်းခြင်းဖြစ်ပါသည်။

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြင်ဆင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြင်ဆင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၂) စလူဆိပ် | (၁) စလူဆိပ် | (၁) စလူဆိပ် | (၁) စလူဆိပ် |
| | (၂) မိချောင်းအိုင် | | (၂) မိချောင်းအိုင် |
| | (၃) ပြင်ကနုကုန်း | | (၃) ပြင်ကနုကုန်း |
| | (၄) ပဒဲကော | | (၄) ပဒဲကော |
| | (၅) ကွင်းသုံးဆင့် | | (၅) ကွင်းသုံးဆင့် |
| | (၆) ပြင်ကနုအဝ | | (၆) ပြင်ကနုအဝ |
| | (၇) ပတောက်ကုန်း | | (၇) ပတောက်ကုန်း |
| | (၈) **ဒရယ်ဖြူ** | | |

**မှတ်ချက်။** ဒရယ်ဖြူကျေးရွာအား တိုးချဲ့ဖွဲ့စည်းမည့် သပြေချောင်းကျေးရွာအုပ်စုတွင် ထည့်သွင်း ဖွဲ့စည်းခြင်းကြောင့် ကျေးရွာ (၁) ရွာ လျော့နည်းသွားခြင်းဖြစ်ပါသည်။

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြင်ဆင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြင်ဆင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၃) လွှစာ | (၁) လွှစာ | (၁) လွှစာ | (၁) လွှစာ |
| | (၂) ဇင်ပွန်းကျွန်း | | (၂) ဇင်ပွန်းကျွန်း |
| | (၃) ကွကွလေး | | (၃) ကွကွလေး |
| | (၄) ကညင်ကိုင်း | | (၄) ကညင်ကိုင်း |
| | (၅) မြင်းကကုန်း | | (၅) မြင်းကကုန်း |
| | (၆) သပေါ့အိုင် | | (၆) သပေါ့အိုင် |
| | (၇) ဒေါင့်ကြီးကုန်း | | (၇) ဒေါင့်ကြီးကုန်း |
| | (၈) ကနုကမာ | | (၈) ကနုကမာ |
| | (၉) လက်ပံကုန်း | | (၉) လက်ပံကုန်း |
| | (၁၀) ကန်သာယာ | | (၁၀) ကန်သာယာ |
| | (၁၁) ရွှေကျွန်းသာ | | (၁၁) ရွှေကျွန်းသာ |
| | (၁၂) **ဒရယ်ဖြူကြီး** | | |

**မှတ်ချက်။** ဒရယ်ဖြူကြီးကျေးရွာအား တိုးချဲ့ဖွဲ့စည်းမည့် သပြေချောင်းကျေးရွာအုပ်စုတွင် ထည့်သွင်းဖွဲ့စည်းခြင်းကြောင့် ကျေးရွာ (၁) ရွာ လျော့နည်းသွားခြင်းဖြစ်ပါသည်။

အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ၊ ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စုမှ ချောင်းကြီးကျေးရွာနှင့် သပြေချောင်းကျေးရွာ၊ စလူဆိပ်ကျေးရွာအုပ်စုမှ ဒရယ်ဖြူကျေးရွာ၊ လွှစာကျေးရွာအုပ်စုမှ ဒရယ်ဖြူကြီးကျေးရွာ စသည့် ကျေးရွာ (၄) ရွာနှင့် ဆိပ်ကလေး ကျေးရွာ၊ ကရင်မချောင်းကျေးရွာ၊ အထက်စုကျေးရွာ၊ ကန့်ဘလာတစ်ပင်ကျေးရွာ၊ အလံတစ်ရာကျေးရွာ စသည့် ကျေးရွာတိုး (၅) ရွာ၊ စုစုပေါင်း ကျေးရွာ (၉) ရွာအား စုစည်း၍ သပြေချောင်းကျေးရွာအုပ်စု (၁) အုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ပြင်စလူ မြို့နယ်ခွဲအတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုနှင့် ကျေးရွာများ၏ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက် များသည် ပြင်စလူမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၂၉၂/၂၀၁၃)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ခလောက်တရာကျေးရွာအုပ်စုတွင် အေးမြသာယာကျေးရွာ (၁) ရွာအား အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြင်ဆင်ဖွဲ့စည်းပြီးကျေးရွာ** |
|---|---|---|
| (၁) ခလောက်တရာ | (၁) ခလောက်တရာ | (၁) ခလောက်တရာ |
| | (၂) ပြည်တော်သာ | (၂) ပြည်တော်သာ |
| | (၃) ဗောဓိကုန်း | (၃) ဗောဓိကုန်း |
| | | (၄) **အေးမြသာယာ** |

**မှတ်ချက်။** **တိုးချဲ့**ကျေးရွာ (၁) ရွာ (အေးမြသာယာ)

အထက်ဖော်ပြပါအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ ခလောက်တရာ ကျေးရွာအုပ်စုတွင် အေးမြသာယာကျေးရွာ (၁) ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၁/၂၀၁၃)

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့၊ အမှတ် (၈) ထောင်ဝိရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၁၈၄-က/ထောင်ဝိမြောက်)၊ ဦးပိုင်အမှတ် (၇၀) ရှိ **မိုးကယ်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့မြေဧရိယာ (၁. ၆၂) ဧကအနက်မှ **(၀. ၀၄၄) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ - ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးမန်းထွန်းရွှေ (HBE - ၀၃၄၁၂၂) အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၉၅၃/လှည်းကြီးမြောက်)၊ ဦးပိုင်အမှတ် (၆၃/၁၁၇)၊ မြေဧရိယာ **(၃၄. ၅၈) ဧက**အား စက်ရုံမြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂,၀၇၄,၈၀၀/-)** နှုန်းဖြင့် **"စပါးအခြောက်ခံစက်နှင့် မျိုးစေ့သန့်စင်စက်ရုံ (ဦးကြည်စိန်)"** အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၁ - ခ (ဂ) အရ **နှစ် (၃၀)** စက်မှုမြေငှားဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၃ ရက် )

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝါးမရမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- (OSS-၇၆/ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (N - ၁၃၄) ရှိ **ရတနာ့ရိပ်သာကျောင်း** အခွန်လွတ်

သာသနာ့မြေဧရိယာ (၁.၀၀) ဧကအနက်မှ **(၀.၀၈) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ - ၅၂ နှင့်အညီ သိမ်ဒါယိကာမ ဒေါ်မြင့်မြင့်ဆွေ [၇/ဝမန (နိုင်) ၀၀၀၀၁၂] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် ကြည်း ၂၀၃၄၆ ဗိုလ်မှူးမြတ်သူအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၅၄/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်ရှိ ဇလောင်းကျေးရွာအုပ်စုတွင် နန်ချွန်ကျေးရွာအား အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းပြီးကျေးရွာများ |
|---|---|---|
| (၁) ဇလောင်း | (၁) ဇလောင်း (တောင်) | (၁) ဇလောင်း (တောင်) |
| | (၂) ဇလောင်း (မြောက်) | (၂) ဇလောင်း (မြောက်) |
| | (၃) ငန်းစပ် | (၃) ငန်းစပ် |
| | | (၄) **နန်ချွန်** |

**မှတ်ချက်။** **တိုးချဲ့**ကျေးရွာ (၁) ရွာ (နန်ချွန်)

အထက်ဖော်ပြပါအတိုင်း နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်ရှိ ဇလောင်းကျေးရွာအုပ်စုတွင် နန်ချွန်ကျေးရွာအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ဥတ္တရသီရိမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဝန်ထမ်းအမှတ် (၀၁၆၇) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဇော်အား လက်ရှိရုံး၌ ညွှန်ကြားရေးမှူး (ဒုတိယရုံးအဖွဲ့မှူး) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

အမှတ် ၂ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) အရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးသဘောတရားဌာနမှ ပါမောက္ခ၊ (ဌာနမှူး) ဒေါက်တာချိုချိုမာအား စတင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

အမှတ် ၃ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၅၇၇/၂၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ စီမံရေးရာအမိန့်စာ

အမှတ် (၀၀၂၃/၂၀၁၃-၂၀၁၄) အရ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသော အရာထမ်း (၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာများတွင် တာဝန်ထမ်းဆောင်ရန် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/ဌာန | တာဝန်ချထားသည့် ရာထူး/ ဌာန |
|---|---|---|---|
| (၁) | ဦးသိန်းနိုင် | ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) | ဦးမျိုးညွန့်အောင် | ညွှန်ကြားရေးမှူး<br>ကူးသန်းရောင်းဝယ်ရေးနှင့်<br>စားသုံးသူရေးရာဦးစီးဌာန | ညွှန်ကြားရေးမှူး<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

အမှတ် ၃၀/၂၀၁၃ ။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ်ရုံးမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂)၊ ၂၀၁၃ ဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သော လေ ၂၅၀၀ ဗိုလ်မှူး မင်းသန်းလှိုင်အား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ခန့်ထားလိုက်သည်။

အမှတ် ၃၁/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထက်အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၃) ကို ရည်ညွှန်းလျက် ဗိုလ်မှူးမင်းသန်းလှိုင်သည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ စတင်တာဝန်ထမ်းဆောင်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

အမှတ် ၇၈/၂၀၁၃ ။ ။ ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဟန်ဂေရီနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

အမှတ် ၈၁/၂၀၁၃ ။ ။ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

အမှတ် ၈၂/၂၀၁၃ ။ ။ ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ချီလီသမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ် ၈၇/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပမြန်မာသံရုံး၊ အဖွဲ့ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဌာနစုမှူး (၂)/တတိယအတွင်းဝန်များအား ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဌာနစုမှူး (၁)/ဒုတိယအတွင်းဝန်များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၁။ | ဦးဆွေဆက် | ဝန်ကြီးရုံး |
| ၂။ | ဒေါ်မြမြအုန်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၃။ | ဦးတင်ဝင်းအောင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၄။ | ဦးလှဦး | မြန်မာအဖွဲ့ရုံး၊ နယူးယောက်မြို့ |
| ၅။ | ဦးဝင်းဇော် | သံတမန်ရေးရာဦးစီးဌာန |
| ၆။ | ဒေါ်မို့ | မြန်မာသံရုံး၊ ဂျကာတာမြို့ |
| ၇။ | ဦးမောင်မောင်လတ် | မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့ |
| ၈။ | ဦးခွာကျင့်ခမ်း | မြန်မာသံရုံး၊ နယူးဒေလီမြို့ |
| ၉။ | ဒေါ်ခင်မာသီ | မြန်မာသံရုံး၊ တိုကျိုမြို့ |
| ၁၀။ | ဒေါ်ယဉ်မျိုးခိုင် | မြန်မာသံရုံး၊ နယူးဒေလီမြို့ |

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၈၄/၂၀၀၉) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနစုမှူး (၁) များအတွက် လစာနှုန်းထား (၁၀၀,၀၀၀-၂,၀၀၀-၁၂၀,၀၀၀) ကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့စွဲပါစာအမှတ်၊ ဘခ-၁/၂၇၉ (၁၀၆၆/၂၀၁၂) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဒုတိယအတွင်းဝန်များအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၃၂၅) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၈၈/၂၀၁၃ ။ ။ ဩစတြေးလျ‌ေနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၆ ရက် )

အမှတ် ၁၅၆/၂၀၁၃ ။ ။ ဘရာဇီးလျားမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးကြည်မောင်အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၅၇/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းမောင်အား ဘရာဇီးလျားမြို့၊ မြန်မာသံရုံးသို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၈ ရက် )

အမှတ် ၁၅၈/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသန့်ဖေအား ဆိုးလ်မြို့၊ မြန်မာသံရုံးသို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၁ ရက် )

အမှတ် ၁၅၉/၂၀၁၃ ။ ။ ကူမင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၀/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးအား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့သို့ ကောင်စစ်ဝန်ချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၁/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘုန်းလင်းကြိုင်အား မော်စကိုမြို့၊ မြန်မာသံရုံးသို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

အမှတ် ၁၆၉/၂၀၁၃ ။ ။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၂/၂၀၁၂) မှ သဘောတူညီချက်အရ အီတလီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင့်ဆွေအား ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ပထမအကြိမ် တစ်နှစ် ဆက်လက်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

အမှတ် ၁၇၉/၂၀၁၃ ။ ။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့၏အကြီးအကဲအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

အမှတ် ၁၉၈/၂၀၁၃ ။ ။ အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းဆွေအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

အမိန့်အရ

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက် )

အမှတ် ၃၂ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၃) မှ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံမှ ဌာနခွဲမှူး (ပုံနှိပ်) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးအေးဆန်းအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## ဝန်ကြီးရုံး

အမှတ် ၃၃ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၃) မှ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးတင်သန်းဝင်းအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် လစ်လပ်လျက် ရှိသော ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

**သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီဖွဲ့စည်းခြင်း**

အမှတ် ၁၁ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ (အမိန့်အမှတ်၊ ၄/၂၀၁၃) အရ ဧရာဝတီတိုင်းဒေသကြီး၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်အား ၎င်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခဲ့သဖြင့် ယခင်ဖွဲ့စည်းထားသော **"သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ"** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **စဉ်** | **အမည်/ရာထူး** | **တာဝန်** |
|---|---|---|
| (က) | ဦးဆန်းဆင့်<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာမောင်မောင်ဌေး<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးဝင်း<br>ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယပါမောက္ခချုပ် (စီမံ)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး (စီမံ)<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး (ဦးစီး)<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အဖွဲ့ဝင် |

(၄) ညွှန်ကြားရေးမှူး (ပြည်တွင်း) အဖွဲ့ဝင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(၅) ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) အတွင်းရေးမှူး
ဝန်ကြီးရုံး

(၃) ဒုတိယရုံးအဖွဲ့မှူး (ညွှန်ကြားရေးမှူး) တွဲဖက်အတွင်းရေးမှူး
ဝန်ကြီးရုံး

အမှတ် ၁၂ ။ ။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီသည် ဝန်ကြီးရုံးအပါအဝင် ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

အမှတ် ၁၃ ။ ။ ဤဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့်တက္ကသိုလ်တို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း စသည့်ကိစ္စရပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးမှ သင်တန်းသားဆုရရှိခြင်းကိစ္စ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်။

(ခ) ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်သွားရန်။

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ ပြည်တွင်း) ဝယ်ယူခြင်းကိစ္စများအား ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်။

(ဃ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာ စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

(င) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး စိစစ်ကြပ်မတ်ရန်။

(စ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးနှင့် နိုင်ငံခြားရေးရာမူဝါဒကော်မတီမှ ညွှန်ကြားချက်များအား ထပ်မံရှင်းလင်းခြင်း၊ ဤဝန်ကြီးဌာနမှ အသစ်တိုးချဲ့/တိုးမြှင့်ဖွင့်လှစ်သော ဦးစီးဌာန/ တက္ကသိုလ်ကျောင်းများ၏ဖွဲ့စည်းပုံကို အတည်ပြုခြင်း၊ သုတေသနလုပ်ငန်းစီမံချက်များ ခွင့်ပြုရန် တင်ပြခြင်း စသည့်ကိစ္စရပ်များကို ကြပ်မတ်ဆောင်ရွက်ရန်။

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက် )

အမှတ် ၁၄ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာ ကော်မတီအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၃) ၏ သဘောတူညီချက်အရ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ အောက်ဖော်ပြပါ အရာထမ်း ၉ ဦးတို့အား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရုံး/ဌာနအသီးသီးသို့ အလုပ်ဝတ္တရားများ လွှဲပြောင်း/လက်ခံသည့်နေ့ရက်မှစ၍ လစာနှုန်းတူ/အဆင့်တူဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်/ရာထူး | မူလတာဝန်ချထားသည့်ရုံး | ပြောင်းရွှေ့တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| (က) | ဦးသန်းဌေး<br>ဦးစီးအရာရှိ | ချင်းရွှေဟော်မြို့နယ်သာသနာရေးမှူးရုံး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန | တိုက်ကြီးမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |
| (ခ) | ဦးသန်းထွန်း<br>ဦးစီးအရာရှိ | တာချီလိတ်မြို့နယ်သာသနာရေးမှူးရုံး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန | တောင်တွင်းကြီးမြို့နယ် သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီး ဌာန |
| (ဂ) | ဦးစံထွန်းမောင်<br>ဦးစီးအရာရှိ | ဝိုင်းမော်မြို့နယ်သာသနာရေးမှူးရုံး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန | မြောက်ဦးမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |
| (ဃ) | ဦးဝင်းနိုင်<br>ဦးစီးအရာရှိ | မြောက်ဦးမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန | ရခိုင်ပြည်နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |
| (င) | ဦးစိန်လင်း<br>ဦးစီးအရာရှိ | ရခိုင်ပြည်နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန | ပုဗ္ဗသီရိမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |
| (စ) | ဦးနေလင်းသိန်း<br>ဦးစီးအရာရှိ | ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူး ရုံးခွဲ (ပြည်)၊ သာသနာရေးဦးစီးဌာန | ဥတ္တရသီရိမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |
| (ဆ) | ဦးလင်းလင်းအောင်<br>ဦးစီးအရာရှိ | တိုက်ကြီးမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန | ဇေယျာသီရိမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |
| (ဇ) | ဦးဇော်လင်းမောင်<br>ဦးစီးအရာရှိ | ဘုတ်ပြင်းမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန | ဒက္ခိဏသီရိမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |
| (ဈ) | ဦးမျိုးသိန်း<br>ဦးစီးအရာရှိ | ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန | ဇမ္ဗူသီရိမြို့နယ်သာသနာရေးမှူးရုံး၊ သာသနာရေးဦးစီးဌာန |

အမှတ် ၁၅ ။ ။ အမှတ်စဉ် (ဃ) မှ ဦးစီးအရာရှိ ဦးဝင်းနိုင်အား လုပ်ငန်းလိုအပ်ချက်အရ ကျောက်ဖြူခရိုင် သာသနာရေးမှူးရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးဆန်းဆင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

အမှတ် ၁၃ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၃) အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**ဝန်ကြီးရုံး**

အမှတ် ၁၄ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၇၉,၀၀၀-၁,၀၀၀-၈၄,၀၀၀) အဆင့်ရှိ ပူးတွဲပါ ဒု-ဦးစီးမှူး (၃၇) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၃) ၏ သဘော တူညီချက်အရ ဦးစီးအရာရှိ (စိုက်ပညာရှင်) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**ရာထူးတိုးမြှင့်ပေးရန် ဝန်ထမ်းများစာရင်း**

| **စဉ်** | **အမည်** | |
|---|---|---|
| ၁။ | ဒေါ်ခင်ချိုဝင်း | (စင/၂၆၆၃၀) |
| ၂။ | ဒေါ်ခင်နုမေ | (စင/၂၅၅၉၈) |
| ၃။ | ဒေါ်သက်သက်အေး | (စင/၂၅၃၆၇) |
| ၄။ | ဒေါ်ဝင်းဝင်းနိုင် | (စင/၂၆၉၂၇) |
| ၅။ | ဦးစန်းဝင်း | (စင/၂၆၄၁၀) |
| ၆။ | ဒေါ်ခင်စုရည် | (စင/၂၆၉၃၉) |
| ၇။ | ဒေါ်လှလှမြတ် | (စင/၂၆၆၂၃) |
| ၈။ | ဦးကြည်မြင့် | (စင/၁၈၂၅၄) |
| ၉။ | ဒေါ်လှလှဝင်း | (စင/၂၅၄၄၂) |
| ၁၀။ | ဦးမင်းမြင့်နိုင် | (စင/၁၈၁၃၇) |
| ၁၁။ | ဒေါ်ဌေးဌေးသင်း | (စင/၂၅၅၈၃) |

| စဉ် | အမည် | |
|---|---|---|
| ၁၂။ | ဦးမိုးကျော်အောင် | (စင/အ/၂၅၄၃၇) |
| ၁၃။ | ဒေါ်ဥမ္မာကျော် | (စင/၂၅၄၂၇) |
| ၁၄။ | ဒေါက်တာညီညီ | (စင/အ/၂၅၀၉၉) |
| ၁၅။ | ဦးအန်ထော်နီတူး | (စင/၁၆၄၄၀) |
| ၁၆။ | ဦးငြိမ်းသန်း | (စင/၁၈၂၀၇) |
| ၁၇။ | ဦးစိန်ထွန်းမြ | (စင/၁၅၄၃၁) |
| ၁၈။ | ဒေါ်ခင်စောဝင်း | (စင/အ/၂၅၀၈၆) |
| ၁၉။ | ဦးမန်းသန်းရှင် | (စင/၁၈၂၆၃) |
| ၂၀။ | ဦးရွှေအိုး | (စင/၁၅၃၅၃) |
| ၂၁။ | ဦးမြင့်အောင် | (စင/၁၉၄၈၃) |
| ၂၂။ | ဒေါ်ခင်ဆွေတင့် | (စင/အ/၂၆၁၉၁) |
| ၂၃။ | ဦးမြင့်သိန်း | (စင/၁၈၁၅၅) |
| ၂၄။ | ဦးတင်ထွန်းဦး | (စင/၁၈၁၉၄) |
| ၂၅။ | ဦးသိန်းဝေ | (စင/၁၉၅၃၅) |
| ၂၆။ | ဦးမန်းစိုးသိန်း | (စင/၁၆၄၂၁) |
| ၂၇။ | ဦးမျိုးနိုင် | (စင/၂၅၆၇၄) |
| ၂၈။ | ဦးဝင်းနိုင် | (စင/၂၅၄၁၂) |
| ၂၉။ | ဦးတင်မြင့် | (စင/၁၈၃၁၂) |
| ၃၀။ | ဦးလှဖေ | (စင/၁၅၂၅၃) |
| ၃၁။ | ဒေါ်ကြူကြူမြင့် | (စင/၂၅၅၄၃) |
| ၃၂။ | ဦးဆန်းဝင်းရွှေ | (စင/၂၅၃၅၈) |
| ၃၃။ | ဦးကျော်ဝင်း | (စင/၁၈၁၁၅) |
| ၃၄။ | ဦးခင်ဦး | (စင/၁၉၅၈၁) |
| ၃၅။ | ဦးခင်မောင်သန်း | (စင/၂၆၄၀၉) |
| ၃၆။ | ဒေါ်မူမူတန် | (စင/အ/၂၅၄၄၅) |
| ၃၇။ | ဒေါ်ကြည်ကြည်ဝင်း | (စင/၂၆၉၀၅) |

မြင့်လှိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ အမိန့်အမှတ် (၈၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) တန်းဝင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) ဦးဝင်းခန့်အား ပို့ဆောင်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းထားတူ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ ပို့ဆောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများအပြင် ညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး တာဝန်ဝတ္တရားများကိုပါ ပူးတွဲတာဝန်ထမ်းဆောင် စေလိုက်သည်။

ညဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် )

**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရှမ်းပြည်နယ် (တောင်ကြီး)၊ လွိုင်လင် ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့နယ်ခွဲအတွင်းရှိ လွိုင်မယ်ကြိုးဝိုင်းအတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း (၂၈၈. ၈၇) ဧကရှိမြေကို (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေ အဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | လွိုင်မယ်ကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | ရှမ်းပြည်နယ် | လွိုင်လင် | ကွန်ဟိန်း (ကာလိမြို့နယ်ခွဲ) | ၂၈၈. ၈၇ |
| | **စုစုပေါင်း** | | | | **၂၈၈. ၈၇** |

၂။ လွိုင်မယ်ကြိုးဝိုင်းတော၏ တစ်စိတ်တစ်ဒေသ (၂၆၅) ဧကအား အမှတ် (၁၅၁) ခြေလျင်တပ်ရင်း တည်ဆောက်နိုင်ရန်နှင့် (၂၁. ၅၈) ဧကအား ဌာနဆိုင်ရာ အစိုးရရုံးများ တည်ဆောက်နိုင်ရန်အပြင် တပ်မြေနှင့်ဌာနဆိုင်ရာရုံးများအကြားရှိ လမ်းဧရိယာ (၂. ၂၉) ဧက၊ စုစုပေါင်း (၂၈၈. ၈၇) ဧကအား ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကာလိ-ဟိုပန် မော်တော်ကားလမ်းဘေးရှိ ယာယီဘုတ်တိုင်အမှတ် "က" ခန့်မှန်းမြေပုံညွှန်း (O-၃၄၄၇၉၉) မှအစပြု၍ အရှေ့ဘက်စူးစူးသို့ (၄) ဖာလုံခန့်လာရာ နောင်ငွန်းရွာမှလာသည့် ချောင်း လက်တက်နှင့်ဆုံသည့် ယာယီဘုတ်တိုင်အမှတ် "ခ" ခန့်မှန်းမြေပုံညွှန်း (O-၃၅၁၇၉၉) အထိ၊

အရှေ့ဘက်။ ထိုမှ ချောင်းလက်တက်အတိုင်း အရှေ့တောင်ဘက်သို့ (၄. ၅) ဖာလုံခန့် စုန်ဆင်းလာရာ လှည်းလမ်းနှင့်ဆုံသည့် ယာယီဘုတ်တိုင်အမှတ် "ဂ" ခန့်မှန်းမြေပုံညွှန်း (O-၃၅၀၇၈၉) အထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ (၂. ၅) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဃ" ခန့်မှန်းမြေပုံညွှန်း (O-၃၅၀၇၈၄) အထိ၊

တောင်ဘက်။ ထိုမှ အနောက်စူးစူးသို့ (၂) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "င" ခန့်မှန်းမြေပုံညွှန်း (O-၃၄၇၇၈၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "စ" ခန့်မှန်းမြေပုံညွှန်း (O-၃၄၇၇၈၂) အထိ၊ ထိုမှ အနောက်စူးစူးသို့ (၃) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဆ" ခန့်မှန်းမြေပုံညွှန်း (O-၃၄၄၇၈၂) အထိ၊

အနောက်ဘက်။ ထိုမှ ကာလိ-ဟိုပန် မော်တော်ကားလမ်းအတိုင်း မြောက်ဘက်စူးစူးသို့ (၅၃၄၀) ပေခန့် (၁. ၀၁ မိုင်ခန့်) လာရာ မူလစတင်ခဲ့သည့်နေရာ ယာယီဘုတ်တိုင်အမှတ် "က" ခန့်မှန်းမြေပုံညွှန်း (O-၃၄၄၇၉၉) အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့နယ်ခွဲအတွင်းရှိ လွိုင်မယ်ကြိုးဝိုင်းအတွင်း အမှတ် (၁၅၁) ခြေလျင်တပ်ရင်း တည်ဆောက်နိုင်ရန်အတွက် (၂၆၅) ဧကအား ကာကွယ်ရေးဝန်ကြီးဌာနပိုင် မြေအဖြစ်လည်းကောင်း၊ ဌာနဆိုင်ရာ အစိုးရရုံးများ တည်ဆောက်နိုင်ရန်အတွက် (၂၁. ၅၈) ဧကအား မြို့မြေအဖြစ်လည်းကောင်း၊ တပ်မြေနှင့်ဌာနဆိုင်ရာရုံးများအကြားရှိ လမ်းဧရိယာ (၂. ၂၉) ဧကကိုလည်းကောင်း စုစုပေါင်းကြိုးဝိုင်းတောမြေ ဧရိယာ (၂၈၈. ၈၇) ဧကအား ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

၄။ အဆိုပါ ပယ်ဖျက်ပေးလိုက်သည့် ဧရိယာကို လွိုင်မယ်ကြိုးဝိုင်းတောအတွင်း ချန်လှပ်ကွက်အဖြစ် ထားရှိလိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၂)

## ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၂) အရ လွိုင်မယ်ကြိုးဝိုင်းတောမှ တစ်စိတ်တစ်ဒေသအား ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကြိုးဝိုင်းတော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့နယ်ခွဲအတွင်း ကျရောက်နေသည့် လွိုင်မယ်ကြိုးဝိုင်းတောကို သစ်တောဦးစီးဌာန၏ ၂၀၀၇ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉) အရ ဧရိယာအကျယ်အဝန်း (၈၅၇၆၀) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ လွိုင်မယ်ကြိုးဝိုင်းတောအတွင်းမှ အမှတ် (၁၅၁) ခြေလျင်တပ်ရင်းအတွက် (၂၆၅) ဧကနှင့် ဌာနဆိုင်ရာ အစိုးရရုံးများနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နိုင်ရန်အတွက် (၂၁. ၅၈) ဧက၊ တပ်မြေနှင့်ဌာနဆိုင်ရာရုံးများအကြားရှိ လမ်းဧရိယာ (၂. ၂၉) ဧက၊ စုစုပေါင်း ဧရိယာ (၂၈၈. ၈၇) ဧကအား ချန်လှပ်ကွက်အဖြစ်ထားရှိ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် လွိုင်မယ်ကြိုးဝိုင်းတောကို ကျန်ရှိသည့် ဧရိယာအကျယ်အဝန်း (၈၅၄၇၁) ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **ပြင်ဆင်သတ်မှတ်လိုက်သည့် နယ်နိမိတ်များ**

မြောက်ဘက်။ တွဲလောင်းရွာမြောက်ဘက် (၁) မိုင်ခန့်တွင် တည်ရှိသည့် တောင်ကုန်းအမှတ် (၄၂၅၅) ပေမှ အစပြု၍ ရေဝေခင်ကြောအတိုင်း အရှေ့ဘက်သို့ (၄) မိုင်ခန့်လာရာ လွိုင်မယ်ရွာ (တောင်ကုန်းအမှတ်-၄၂၅၁ ပေ) ရောက်သည်အထိ၊ ထိုမှ အရှေ့ဘက်ယွန်းယွန်းသို့ (၄) မိုင်ခန့်ဆက်၍လာရာ လွိုင်ဆန်းရွာ (တောင်ကုန်းအမှတ်-၄၅၁၉ ပေ) ရောက်သည်အထိ၊

အရှေ့ဘက်။ ထိုမှ ရေဝေခင်ကြောအတိုင်း လွိုင်ခိုဟန်တောင် (တောင်ကုန်းအမှတ်-၄၂၅၁ ပေ၊ ၅၀၅၉ ပေ၊ ၄၀၆၈ ပေ) တို့ကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၁၂) မိုင်ခန့်လာရာ လွိုင်အန်ဆစ်တောင် (တောင်ကုန်းအမှတ်-၄၇၂၀ ပေ) ရောက်သည်အထိ၊ ထိုမှ အရှေ့ဘက်သို့လာရာ နမ့်ကန်ချောင်းဂွဆုံရောက်သည်အထိ၊ ထိုမှ နမ့်ကန်ချောင်းအတိုင်း အရှေ့တောင်ဘက်သို့ (၆) မိုင်ခန့် စုန်ဆင်းလာရာ သံလွင်မြစ်နှင့်ဆုံသည်အထိ၊ ထိုမှ သံလွင်မြစ်အနောက်ဘက်ကမ်းအတိုင်း အရှေ့တောင်ဘက်သို့ (၇) မိုင်ခန့် စုန်ဆင်းလာရာ တောင်ကြီး-ကျိုင်းတုံ မော်တော်ကားလမ်းနှင့်ဆုံသည့် ဝမ်တာကော်တံတားအထိ၊

တောင်ဘက်။ ထိုမှ တောင်ကြီး-ကျိုင်းတုံ မော်တော်ကားလမ်းအတိုင်း အနောက်မြောက်ဘက်သို့ မိုင် (၂၀) ခန့်လာရာ မိုင်တိုင်အမှတ် (၁၄၇) ဝမ်ကလဲရွာအထိ၊

အနောက်ဘက်။ ထိုမှ ရေဝေခင်ကြောအတိုင်း တောင်ကုန်းအမှတ် (၃၇၂၅ ပေ၊ ၄၁၇၉ ပေ၊ ၄၂၉၆ ပေ၊ ၄၃၇၀ ပေ) တို့ကို ဖြတ်၍ အနောက်တောင်ဘက်သို့ မိုင် (၂၀) ခန့်လာရာ မူလစတင်သည့်နေရာ တွဲလောင်းရွာမြောက်ဘက် (၁) မိုင်ခန့်တွင် တည်ရှိသည့် တောင်ကုန်းအမှတ် (၄၂၅၅ ပေ) ရောက်သည်အထိ။

**ချန်လှပ်ကွက်နယ်နိမိတ်**

မြောက်ဘက်။ ကာလိ-ဟိုပန် မော်တော်ကားလမ်းဘေးရှိ ယာယီဘုတ်တိုင်အမှတ် "က" ခန့်မှန်းမြေပုံညွှန်း (O-၃၄၄၇၉၉) မှအစပြု၍ အရှေ့ဘက်စူးစူးသို့ (၄) ဖာလုံခန့်လာရာ နောင်ငွန်းရွာမှ လာသည့် ချောင်းလက်တက်နှင့်ဆုံသည့် ယာယီဘုတ်တိုင်အမှတ် "ခ" ခန့်မှန်းမြေပုံညွှန်း (O-၃၅၁၇၉၉) အထိ၊

အရှေ့ဘက်။ ထိုမှ ချောင်းလက်တက်အတိုင်း အရှေ့တောင်ဘက်သို့ (၄. ၅) ဖာလုံခန့် စုန်ဆင်းလာရာ လှည်းလမ်းနှင့်ဆုံသည့် ယာယီဘုတ်တိုင်အမှတ် "ဂ" ခန့်မှန်းမြေပုံညွှန်း (O-၃၅၀၇၈၉) အထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ (၂. ၅) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဃ" ခန့်မှန်းမြေပုံညွှန်း (O-၃၅၀၇၈၄) အထိ၊

တောင်ဘက်။ ထိုမှ အနောက်စူးစူးသို့ (၂) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "င" ခန့်မှန်းမြေပုံညွှန်း (O-၃၄၇၇၈၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "စ" ခန့်မှန်းမြေပုံညွှန်း (O-၃၄၇၇၈၂) အထိ၊ ထိုမှ အနောက်စူးစူးသို့ (၃) ဖာလုံခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဆ" ခန့်မှန်းမြေပုံညွှန်း (O-၃၄၄၇၈၂) အထိ၊

အနောက်ဘက်။ ထိုမှ ကာလိ-ဟိုပန် မော်တော်ကားလမ်းအတိုင်း မြောက်ဘက်စူးစူးသို့ (၅၃၄၀) ပေခန့် (၁. ၀၁ မိုင်ခန့်) လာရာ မူလစတင်ခဲ့သည့်နေရာ ယာယီဘုတ်တိုင်အမှတ် "က" ခန့်မှန်းမြေပုံညွှန်း (O-၃၄၄၇၉၉) အထိ။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက် )

**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ပြင်ကျယ်ကြိုးဝိုင်းအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၁၀၈) ဧကရှိမြေကို (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | ပြင်ကျယ်ကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | နေပြည်တော် | နေပြည်တော် | တပ်ကုန်း | ၁၁၀၈ |
| | **စုစုပေါင်း** | | | | **၁၁၀၈** |

၂။ **နယ်နိမိတ်များ**

မြောက်ဘက်။ ဖြင်ကျယ်ကြိုးဝိုင်း၊ အကွက်အမှတ် (၉) အတွင်းရှိ ယာယီဘုတ်တိုင်အမှတ် "က" (ခန့်မှန်းမြေပုံညွှန်း Q ၈၉၇၂၉၁) မှအစပြု၍ အရှေ့စူးစူးသို့ ၉၀° ဖြင့် မီတာ ၄၀၀၀ ခန့်အကွာ နေပြည်တော်၊ တပ်ကုန်းမြို့နယ်နှင့် ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်တို့၏ နယ်နိမိတ်ပေါ်ရှိ ယာယီဘုတ်တိုင်အမှတ် "ခ" (ခန့်မှန်းမြေပုံညွှန်း Q ၉၄၁၂၉၁) အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၂၁၀° ဖြင့် မီတာ ၆၉၇ ခန့်အကွာ ယာယီဘုတ်တိုင် "ဂ" (ခန့်မှန်းမြေပုံညွှန်း Q ၉၃၈၂၈၅) အထိ၊ ထိုမှအနောက်တောင်ဘက်သို့ ၂၃၉° ဖြင့် မီတာ (၉၁၀) ခန့်အကွာ ယာယီဘုတ်တိုင်အမှတ် "ဃ" (ခန့်မှန်းမြေပုံညွှန်း Q ၉၂၉၂၈၀) အထိ ထိုမှ အနောက်တောင်ဘက်သို့ ၂၂၀° ဖြင့် မီတာ (၇၂၈) ခန့်အကွာ ယာယီဘုတ်တိုင်အမှတ် "င" (ခန့်မှန်းမြေပုံညွှန်း Q ၉၂၅၂၇၃) အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၂၇၀° ဖြင့် မီတာ (၅၁၅) ခန့်အကွာ ယာယီဘုတ်တိုင်အမှတ် "စ" (ခန့်မှန်းမြေပုံညွှန်း Q ၉၁၆၂၇၂) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃၀၅° ဖြင့် မီတာ (၂၀၀၀) ခန့်အကွာ ယာယီဘုတ်တိုင်အမှတ် "ဆ" (ခန့်မှန်းမြေပုံညွှန်း Q ၈၉၇၂၈၅) အထိ၊

အနောက်ဘက်။ ထိုမှ မြောက်စူးစူးသို့ ၃၆၀° ဖြင့် မီတာ (၅၀၀) ခန့်အကွာ မူလစတင်ခဲ့သည့် ယာယီဘုတ်တိုင်အမှတ် "က" (ခန့်မှန်းမြေပုံညွှန်း Q ၈၉၇၂၉၁) အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ဖြင်ကျယ်ကြိုးဝိုင်းမှ ဧရိယာ (၁၁၀၈) ဧကအား အမှတ် (၂၀၃၂) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း၊ ဖြင်ကျယ်တောင်ရေဒါစခန်းအတွက် ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရန် ကြိုးဝိုင်းတောမြေမှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက် )

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြေပုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၆၇၇၂) ဧကရှိသော နယ်မြေကို "ခြုံချောင်းကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ယောချောင်း-တင်းချောင်းချောင်းဆုံနှင့် ယောချောင်းကြိုးပြင်ကာကွယ်တော အနောက်တောင်ထောင့်နယ်နိမိတ်တို့ဆုံရာ ယာယီဘုတ်တိုင်အမှတ် (က) ခန့်မှန်းမြေပုံညွှန်း

(S-၇၁၇၅၁၃) မှအစပြု၍ တင်းချောင်းချောင်း (ယိုးချောင်းကြိုးပြင်ကာကွယ်တော တောင်ဘက်နယ်နိမိတ်) အတိုင်း အရှေ့မြောက် ယွန်းယွန်းသို့ (၉) မိုင်၊ (၆) ဖာလုံခန့်လာရာ မြေပုံ-အမ်းမြို့နယ်ခြား နယ်နိမိတ်နှင့်ဆုံသည့် ယာယီဘုတ်တိုင် အမှတ် (ခ) ခန့်မှန်းမြေပုံညွှန်း (S-၈၂၀၅၃၃) ရောက်သည်အထိ၊

အရှေ့ဘက်။ ထိုမှ မြေပုံ-အမ်းမြို့နယ်ခြားနယ်နိမိတ်အတိုင်း တောင်စူးစူးသို့ (၁၁) မိုင် (၅) ဖာလုံခန့်လာရာ တောင်ကုန်းအမြင့် (၁၈၅၀)၊ ယာယီဘုတ်တိုင်အမှတ် (ဂ) ခန့်မှန်းမြေပုံညွှန်း (S-၈၀၄၃၈၉) ရောက်သည်အထိ၊

တောင်ဘက်။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ရေယွန်းတောင်တန်း ရေဝေကြောလမ်းအတိုင်း (၁) မိုင် (၇) ဖာလုံခန့် စုန်ဆင်း၍လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၈၇၄၁၁) ရောက်သည်အထိ၊ ထိုမှ ရေဝေကြောလမ်းအတိုင်း အနောက်တောင်ယွန်းယွန်းသို့ (၄) မိုင် (၃) ဖာလုံခန့်လာရာ မဲချောင်းချောင်းဖျားထိပ်ရှိ တောင်ထိပ်၊ ခန့်မှန်းမြေပုံညွှန်း (S-၇၃၄၃၉၂) ရောက်သည်အထိ၊ ထိုမှ မဲချောင်းချောင်းဖျား ခွဆုံကိုဖြတ်၍ မဲချောင်းချောင်းမအတိုင်း (၂) မိုင် (၇) ဖာလုံခန့် စုန်ဆင်းလာရာ ယောချောင်းချောင်းမကြီးနှင့်ဆုံသည့် ယာယီဘုတ်တိုင်အမှတ် (ဃ) ခန့်မှန်းမြေပုံညွှန်း (S-၇၀၁၃၈၈) ရောက်သည်အထိ၊

အနောက်ဘက်။ ထိုမှ ယောချောင်းချောင်းမကြီးအတိုင်း မြောက်ယွန်းယွန်းသို့ (၉) မိုင် (၅) ဖာလုံခန့်ဆန်တက်လာရာ မူလစတင်သည့် ယောချောင်း-တင်းချောင်းချောင်းဆုံနှင့် ယောချောင်းကြိုးပြင်ကာကွယ်တော အနောက်တောင်ထောင့် နယ်နိမိတ်တို့ဆုံသည့် ယာယီဘုတ်တိုင် အမှတ် (က) ခန့်မှန်းမြေပုံညွှန်း (S-၇၁၇၅၁၃) ရောက်သည်အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တော ဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြေပုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၈၃၅၃) ဧကရှိသော နယ်မြေကို “ကံ့ကော်ချောင်းကြိုးပြင်ကာကွယ်တော” အဖြစ် ပြာသိုလပြည့်ကျော် ၉ ရက် (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကြာအင်းတောင်ရွာ၏ အရှေ့မြောက်ဘက် (၁) မိုင် (၁) ဖာလုံခန့်အကွာ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်ဖြစ်သော ရေခေါင်းချောင်းနှင့် မြွေဟောက်ချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (S-၅၂၂၅၇၃) မှအစပြု၍ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း (၂) မိုင် (၃) ဖာလုံခန့်လာရာ ကျောင်းတောင်ကြိုးပြင်ကာကွယ်တောနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၅၃၅၈၆) ရောက်သည်အထိ၊ ထိုမှ ကျောင်းတောင်ကြိုးပြင်ကာကွယ်တော၏ အနောက်ဘက်နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၈၁၅၄၈) ရောက်သည်အထိ၊ ထိုမှ ဆက်လက်၍ ကျောင်းတောင်ကြိုးပြင်ကာကွယ်တော၏ အရှေ့ဘက်နယ်နိမိတ်အတိုင်း တောင်ယွန်းယွန်းသို့ (၇) မိုင်ခန့်လာရာ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၈၈၆၂၇) ရောက်သည်အထိ၊ ထိုမှ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့ (၅) မိုင် (၄) ဖာလုံခန့်လာရာ ယောချောင်းချောင်းဖျားနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၅၉၆၃၀) ရောက်သည်အထိ၊

အရှေ့ဘက်။ ထိုမှ ယိုးချောင်းကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၁၀) မိုင်ခန့်လာရာ ယောချောင်းနှင့်တင်းချောင်းချောင်းဆုံအထိ၊ ထိုမှ ယောချောင်းချောင်းမ၏ အနောက်ဘက်ကမ်းအတိုင်း (၂) မိုင် (၇) ဖာလုံခန့် စုန်ဆင်း၍လာရာ ယောချောင်း-ငစင်းချောင်း ချောင်းဆုံရာအထိ၊ ထိုမှ ယောချောင်းချောင်းမကြီးအတိုင်း တောင်ယွန်းယွန်းသို့ (၉) မိုင် (၅) ဖာလုံခန့် စုန်ဆင်းလာရာ ကျွဲကူးဆိပ်မော်စွန်း ခန့်မှန်းမြေပုံညွှန်း (S-၆၈၂၃၄၅) ရောက်သည်အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်အကွာ အမ်း-စစ်တွေကားလမ်းအထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ အမ်း-စစ်တွေကားလမ်းနှင့်ပြိုင်လျက် (၄) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၁၀၄၄၂) ရောက်သည်အထိ၊ ထိုမှ ကားလမ်းကိုဖြတ်၍ (၅) ဖာလုံခန့်လာရာ ဒေါင်းချောင်းတောင်တန်း တောင်ကြောထိပ်အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဒေါင်းချောင်းတောင်ကြောအားပတ်၍ (၂) မိုင် (၄) ဖာလုံခန့်လာရာ မိကျောင်းတက်ကျေးရွာ အရှေ့ဘက်ရှိ အမ်း-စစ်တွေကားလမ်းမပေါ်ရှိ ရေကျော်တံတားအထိ၊

အနောက်ဘက်။ ထိုမှ ရပ်ချောင်းအတိုင်း အနောက်တောင်ဘက်သို့ (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၆၀၄၆၆) ရောက်သည်အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ငစင်ဘုံချောင်းဖျားခွဆုံအထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ကံ့ကော်ချောင်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၃၇၅၀၄) ရောက်သည်အထိ၊ ထိုမှ ကံ့ကော်ချောင်းချောင်းအတိုင်း (၂) ဖာလုံခန့်သွား၍ ငလုံတောင်တန်းတောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ချောင်းကြီးချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၀၅၁၇) ရောက်သည်အထိ၊ ထိုမှ ချောင်းမကြီးချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ (၁) မိုင်ခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၈၅၃၁) ရောက်သည်အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၆) ဖာလုံခန့်လာရာ သင်ပျဉ်းချောင်းချောင်းဆုံ ရောက်သည်အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၆) ဖာလုံခန့် ဆက်၍လာရာ ကြက်ဟင်းခါး

ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၂၃၅၄၆) ရောက်သည်အထိ၊ ထိုမှ မြောက်ယွန်းယွန်းသို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ မူလစတင်သည့် ရေခေါင်းချောင်းနှင့် မြွေဟောက်ချောင်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၂၂၅၇၃) ရောက်သည်အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

### ၂၀၁၄ ခုနှစ်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှု ရပ်ဆိုင်းကြောင်းကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောသယံဇာတများအား ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို ရှေးရှု၍ သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်သည့်ပမာဏ (Annual Allowable Cut - AAC) ဘောင်အတွင်းမှသာ ထုတ်လုပ်ရန် စီမံလျာထားဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း သစ်ထုတ်လုပ်မှုပမာဏလျှော့ချရေး ဆောင်ရွက်သည့် လုပ်ငန်းများအနက် ကနဦးလုပ်ငန်းစဉ်အဖြစ် **၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍** ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းလိုက်ကြောင်း ကြေညာလိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာအား **၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ (၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်)** မှစ၍ အတည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

အမှတ် ၃ ။ ။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် နေပြည်တော်ခရိုင် ဦးစီးဌာနမှူးရုံးအား နေပြည်တော်တောင်ပိုင်းခရိုင် (ဒက္ခိဏခရိုင်) ဦးစီးဌာနမှူးရုံးအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး နေပြည်တော်မြောက်ပိုင်းခရိုင် (ဥတ္တရခရိုင်) ဦးစီးဌာနမှူးရုံးအား အရာထမ်းရာထူး (၃) နေရာ၊ အမှုထမ်းရာထူး (၁၉) နေရာ၊ စုစုပေါင်းရာထူး (၂၂) နေရာဖြင့် နောက်ဆက်တွဲပါ ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း တိုးချဲ့ဖွဲ့စည်းလိုက်သည်။

အမှတ် ၄ ။ ။ နေပြည်တော်မြောက်ပိုင်းခရိုင် (ဥတ္တရခရိုင်) ဦးစီးဌာနမှူးရုံး တိုးချဲ့ဖွဲ့စည်းခြင်းအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်း (၆၈၄) ဦး၊ အမှုထမ်း (၉၂၀၂) ဦး၊ စုစုပေါင်း (၉၈၈၆) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

**နေပြည်တော်ခရိုင် (ဥတ္တရခရိုင်) ၏လစာနှုန်းအလိုက် ဝန်ထမ်းအင်အားစာရင်း**

| စဉ် | လစာနှုန်း (ကျပ်) | စံနှုန်း | အဆိုပြု | ထောက်ခံ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀ | ၁ | ၁ | ၁ |
| ၂ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၁ | ၁ | ၁ |
| ၃ | ၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀ | ၁ | ၁ | ၁ |
| | **အရာထမ်းပေါင်း** | **၃** | **၃** | **၃** |
| ၄ | ၅၉၀၀၀-၁၀၀၀-၆၄၀၀၀ | ၃ | ၃ | ၃ |
| ၅ | ၅၃၀၀၀-၁၀၀၀-၅၈၀၀၀ | ၃ | ၃ | ၃ |
| ၆ | ၄၇၀၀၀-၁၀၀၀-၅၂၀၀၀ | ၉ | ၉ | ၉ |
| ၇ | ၄၁၀၀၀-၁၀၀၀-၄၆၀၀၀ | ၂ | ၂ | ၂ |
| ၈ | ၃၅၀၀၀-၁၀၀၀-၄၀၀၀၀ | ၂ | ၂ | ၂ |
| | **အမှုထမ်းစုစုပေါင်း** | **၁၉** | **၁၉** | **၁၉** |
| | **စုစုပေါင်း** | **၂၂** | **၂၂** | **၂၂** |

ခင်ရီ၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်စွဲပါစာအမှတ် ၅၇၇/၂၅၂-ပြောင်းရွှေ့/အဖရ (၂၀၀၃) နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ စာအမှတ် ၁၀၀/၂ (၆-၅) (၀၁၂၀)/လပနဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီသိန်းဇံအား ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးဖြင့် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစတင်၍ တာဝန်ပေးခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးအတွက်**

**အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးအတွက် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ (Rice Reserve Supervisory Committee) အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးချစ်ခိုင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်အေး | ဥက္ကဋ္ဌ<br>ဗဟိုသမဝါယမအသင်း | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးတင်ထွန်းဦး | ဥက္ကဋ္ဌ<br>အမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာစိန်လှိုင် | နိုင်ငံတော်သမ္မတ၏အကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (င) | ဦးမြင့်စိုး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာအောင်ကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခင်လေးမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဦးဝင်းရှိန် | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးလေးသွင် | ဒုတိယအထွေထွေမန်နေဂျာ<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (ည) | ဦးအောင်မြင့် | စက်ရုံမှူး<br>အမှတ် (၄)၊ ဓာတ်မြေဩဇာစက်ရုံ | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်လင်း | ဒုတိယဥက္ကဋ္ဌ<br>ဗဟိုသမဝါယမအသင်း | အဖွဲ့ဝင် |
| (ဌ) | ဦးစိန်ဝင်းလှိုင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးရဲမင်းအောင် | အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (ဎ) | ဦးအာယု | ဗဟိုအလုပ်အမှုဆောင်<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (ဏ) | ဦးသတိုးဟိန်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေး<br>ဆေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (တ) | ဒေါက်တာစိုးထွန်း | ဗဟိုအလုပ်အမှုဆောင်<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (ထ) | ဦးသောင်းဝင်း | အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဒ) | ဦးခိုင်မြတ်ကျော် | ညွှန်ကြားရေးမှူး<br>ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | ဘဏ္ဍာရေးမှူး |
| (ဓ) | ဦးအောင်စိုးသာ | ဘဏ္ဍာရေးမှူး<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | တွဲဖက်<br>ဘဏ္ဍာရေးမှူး |
| (န) | ဦးအောင်သန်းဦး | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း | အတွင်းရေးမှူး |
| (ပ) | ဦးမျိုးသူရအေး | တွဲဖက်အထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | တွဲဖက်<br>အတွင်းရေးမှူး |

၂။ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ (Rice Reserve Supervisory Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား ရွေးချယ်၍ လုပ်ငန်းတာဝန်ပေးအပ်ခြင်း၊ ဝယ်ယူခွင့်ပြုမည့်ပမာဏ၊ အမျိုးအစားနှင့်ဒေသသတ်မှတ်ခြင်း။

(ခ) တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အား ဒေသနှင့်အမျိုးအစားအပေါ် အခြေခံ၍ ဝယ်ယူရမည့် ဈေးနှုန်းတွက်ချက်သတ်မှတ်ပေးခြင်း။

(ဂ) ဝယ်ယူမည့် စပါး/ဆန် အမျိုးအစားအလိုက်၊ အရည်အသွေးနှင့် စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း။

(ဃ) တိုင်းဒေသကြီးအလိုက်၊ ဒေသအလိုက်၊ ဇုန်အလိုက် ဝယ်ယူမည့် စပါး/ဆန် အမျိုးအစား သတ်မှတ်ပေးခြင်း။

(င) ဝယ်ယူထားသည့်ပစ္စည်းများ၏ အရေအတွက်နှင့်အရည်အသွေးကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း။

(စ) ဝယ်ယူရမည့်ကာလ၊ ပြန်လည်အစားထိုးလဲလှယ်မည့်ကာလများကိုသတ်မှတ်၍ လုပ်ငန်းလည်ပတ်မှု ရှိအောင် ဆောင်ရွက်ခြင်း။

(ဆ) ကမ္ဘာနှင့်အိမ်နီးချင်းနိုင်ငံများ၏ ဆန်စပါးစိုက်ပျိုးထွက်ရှိမှု၊ သုံးစွဲမှု၊ ပိုလျှံတင်ပို့မှု၊ ဈေးနှုန်းဈေးကွက် အခြေအနေများကို မပြတ်လေ့လာသုံးသပ်၍ အရန်ဆန် သိုလှောင်မည့်ပမာဏ အတိုးအလျှော့ကို တွက်ချက်သတ်မှတ်ပေးခြင်း။

(ဇ) အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အချိန်မီဖြန့်ဖြူးနိုင်ရန် စီမံခန့်ခွဲခြင်း။

(ဈ) ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ ပစ္စည်းပိုင်းဆိုင်ရာကိစ္စရပ်များ စီမံခန့်ခွဲခြင်း၊ သက်ဆိုင်ရာဝန်ကြီး ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

(ည) ဤကော်မတီသည် နိုင်ငံတော်အရန်ဆန် ဝယ်ယူရေးအတွက် နိုင်ငံတော်က ထည့်ဝင်ငွေများအပေါ် တာဝန်ခံဆောင်ရွက်ခြင်း။

(ဋ) ဆန်စပါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အပါအဝင် ပုဂ္ဂလိက၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် Public, Private, Partnership ပူးပေါင်းဆောင်ရွက်ခြင်း။

၃။ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

၄။ ဤအမိန့်ကြော်ငြာစာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၁၂ အား လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဝင်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) မှ သဘောတူညီချက်အရ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးလင်းထွန်းထွန်းအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့၊ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ် ထောက်ပံ့ငွေ ကျပ် ၄၀,၀၀၀/-) ဖြင့် တစ်နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအောက်ရှိ အရာထမ်းရာထူး (၂၈) နေရာ၊ အမှုထမ်းရာထူး (၈၆) နေရာ၊ စုစုပေါင်းရာထူး (၁၁၄) နေရာဖြင့် ဖွဲ့စည်းထားသော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအား အရာထမ်းရာထူး (၁၅၀) နေရာ၊ အမှုထမ်းရာထူး (၅၁၅) နေရာ၊ စုစုပေါင်းရာထူး (၆၆၅) နေရာ ပါဝင်သော **"အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန"** အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အသစ်တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ဒေါက်တာဖေသက်ခင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သတ္တုတွင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ De Rui Feng Investment Co., Ltd. တို့သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ထားဝယ်မြစ်ကြောင်းအတွင်း ခဲမဖြူ-အဖြိုက်နက် စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်း အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ အဆိုပါနိုင်ငံခြားကုမ္ပဏီမှ ကိုယ်စားလှယ် (၂) ဦး၊ မြန်မာဘက်မှ ကိုယ်စားလှယ် (၃) ဦးတို့ ပါဝင်သည့် ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ (Joint Co-ordination Committee) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာရဲမြင့်ဆွေ | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | Mr.Guan Qin gtao | Director<br>De Rui Feng Investment Co., Ltd. | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (ဂ) | Mr.Coug Chang | Engineer<br>De Rui Feng Investment Co., Ltd. | အဖွဲ့ဝင် |
| (ဃ) | ဦးနိုင်မျိုးဟန် | ညွှန်ကြားရေးမှူး<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးတိုးအောင်ကျော် | ညွှန်ကြားရေးမှူး (ငြိမ်း) ကျွမ်းကျင်သူ<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |

၂။ ကော်မတီသည် ချုပ်ဆိုပြီးဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ထားဝယ်မြစ်ကြောင်းအတွင်း ခဲမဖြူ-အဖြိုက်နက် စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းများနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရမည်ဖြစ်သည်။

၃။ ကော်မတီ၏ တာဝန်နှင့်ဝတ္တရားများမှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့သော စာချုပ်ပါ Article XV စာပိုဒ် (၁၅ . ၁) နှင့် (၁၅ . ၂) တို့တွင် ဖော်ပြပါရှိသည့် ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှု ကော်မတီ (JCC) ဖွဲ့စည်းပုံပါအတိုင်းဖြစ်သည်။ ကော်မတီသည် အောက်ပါပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ တာဝန်ယူရမည် -

(က) စာချုပ်အရ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန၏မူ၊ ညွှန်ကြားချက်များ၊ ဆုံးဖြတ်ချက်များကို ဘောင်အတွင်းမှ ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ပဋိညာဉ်စာချုပ်နှင့်အညီ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုများ၊ ရလဒ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ အမြင်များ၊ အတွေးအခေါ်များ၊ အကြံပြုချက်များကို နှစ်ဦးနှစ်ဖက် ဖလှယ်ညှိနှိုင်းရေးအတွက် အခွင့်အလမ်းများ ပေါ်ပေါက်အောင် ဖန်တီးပေးခြင်းနှင့် အားပေးခြင်းများ ဆောင်ရွက်ရန်၊ လုပ်ငန်းအဆင့်ဆင့်မှ ဆောင်ရွက်ချက်/တွေ့ရှိချက် အစီရင်ခံစာများ၊ အချက်အလက်များကို စုစည်းရယူ၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရန်။

(ဂ) ကုမ္ပဏီမှ တင်ပြလာသော အသေးစိတ်လုပ်ငန်းစီမံချက်ကို ဆွေးနွေးသုံးသပ်၍ မြန်မာဘက်မှ အကြံပေးပြင်ဆင်တင်ပြချက်များကို စဉ်းစားပြီး နှစ်ဦးနှစ်ဖက်သဘောတူ အပြီးသတ်ညှိနှိုင်းပြင်ဆင်အတည်ပြုရန်။

(ဃ) နှစ်ဦးနှစ်ဖက်စလုံးနှင့်ဆိုင်သော မူဝါဒများနှင့်ပတ်သက်၍ ကျွမ်းကျင်မှုပိုင်း၊ ဘဏ္ဍာရေးပိုင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စများ၊ နည်းပညာလွှဲပြောင်းပေးရေးအတွက် မြန်မာဝန်ထမ်းများ ခန့်ထားတာဝန်ပေးရေးနှင့် လေ့ကျင့်ပညာပေးရေးတို့ကို ညှိနှိုင်းဆောင်ရွက်ရန်။

(င) စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် ခဲမဖြူ အဖြိုက်နက်ကို တွေ့ရှိပါက အဆိုပါသတ္တုသိုက်ကို ဆန်းစစ်လေ့လာမှုနှင့် ဖွံ့ဖြိုးမှုဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအဆိုပြုချက်အား လေ့လာဆွေးနွေးသုံးသပ်ရန်။

(စ) လုပ်ငန်းကြီးကြပ်တာဝန်ပေးရေးနှင့်ပတ်သက်၍ ကုမ္ပဏီနှင့် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတို့မှ ထောက်ခံတင်ပြလာချက်များအား စဉ်းစားဆွေးနွေးရန်။

(ဆ) ပဋိညာဉ်စာချုပ်ပါ လုပ်ငန်းများအား စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော်ရေးအတွက် ပူးတွဲညှိနှိုင်းဆောင်ရွက်ရန်။

(ဇ) အမှုဆောင်ဒါရိုက်တာ၏ လုပ်ငန်းပိုင်းဆိုင်ရာအစီရင်ခံစာကို ဖတ်ရှုလေ့လာသုံးသပ်ရန်။

(ဈ) ယေဘုယျအားဖြင့် (၃) လ တစ်ကြိမ် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရမည်ဖြစ်ပြီး ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိကို ကြောင်းကျိုးဆက်စပ်ဖော်ပြမှုများ ဝေဖန်သုံးသပ်ချက်များနှင့်တကွ မှတ်တမ်းတင်ဖော်ပြ၍ စာချုပ်သက်တမ်းကာလအတွင်း (၃) လ တစ်ကြိမ် မပျက်မကွက် သတ္တုတွင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရဖြစ်စေ၊ လိုအပ်လျှင် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးချက်များကို သတ္တုတွင်းဝန်ကြီးဌာနသို့ အစီရင်ခံစာတင်ပြရန်။

(ည) ခဲမဖြူ အဖြိုက်နက်သတ္တုများ စမ်းသပ်တိုင်းတာရှာဖွေရာ၌ ရေပေါ်တူးရွှေ့လျှားလွန်တူးစက် (Float Drilling Machine) ဖြင့် တူးဖော်စမ်းသပ်၍ နမူနာများရယူရာတွင် အခါအားလျော်စွာ ရယူသည့် ကိုယ်စားပြုနမူနာများထဲမှ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန အတွက် နမူနာအဖြေများကို ခွဲဝေပေးရေး ညှိနှိုင်းဆောင်ရွက်ရန်။

(ဋ) ပဋိညာဉ်စာချုပ်ပါ အခန်း (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို ကုမ္ပဏီမှ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ပေးသွင်းခြင်း ရှိ/မရှိ စိစစ် တင်ပြရန်။

၄။ ပူးတွဲလုပ်ငန်းညှိနှိုင်းဆောင်ရွက်မှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများမှာ နိုင်ငံခြားသတ္တုရှာဖွေရေး ကုမ္ပဏီ (De Rui Feng Investment Co., Ltd.) နှင့် စာချုပ် ချုပ်ဆိုထားပြီးဖြစ်သည့် စာချုပ်ပါဖော်ပြချက် အတိုင်း ဖြစ်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

၁။ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီလုပ်ငန်းကော်မတီ ASEAN Forum on Coal (AFOC) Implementation Committee ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | |
|---|---|
| (က) ဦးဝင်းထိန်<br>ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) ဒေါက်တာရဲမြင့်ဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) ဦးငွေအောင်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | ဒုတိယဥက္ကဋ္ဌ |
| (ဃ) ဦးခင်လတ်ကြီး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) ဦးစန်းလွင်<br>ညွှန်ကြားရေးမှူး<br>အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |

(စ) ဒေါက်တာဇော်လင်းအောင် — အဖွဲ့ဝင်
ဘူမိဗေဒအရာရှိကြီး
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ဆ) ဦးအုန်းလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ဇ) ဦးခင်ဦး — အဖွဲ့ဝင်
အင်ဂျင်နီယာမှူး
သတ္တုတွင်းဦးစီးဌာန

(ဈ) ဦးအုံ့စိုးရင် — အဖွဲ့ဝင်
ဘူမိဗေဒအရာရှိ
သတ္တုတွင်းဦးစီးဌာန

(ည) ဦးနန်ဇိန်းဆန်းအောင် — အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
အမှတ် (၃) သတ္တုတွင်းလုပ်ငန်း

(ဋ) ဦးကျော်သက် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ဌ) ဦးဇော်သိမ်း — တွဲဖက်အတွင်းရေးမှူး (၁)
ဒုတိယညွှန်ကြားရေးမှူး
အမှတ် (၃) သတ္တုတွင်းလုပ်ငန်း

(ဍ) ဒေါက်တာမြင့်စိုး — တွဲဖက်အတွင်းရေးမှူး (၂)
ဒုတိယညွှန်ကြားရေးမှူး
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

၂။ အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီလုပ်ငန်းကော်မတီ ASEAN Forum on Coal (AFOC) Implementation Committee ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်များအရ နှစ်အလိုက် ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများထံမှ အချက်အလက်များ တောင်းခံခြင်း၊ သဘောထားမှတ်ချက်များ တောင်းခံခြင်း၊ သဘောထားမှတ်ချက်များ ပြန်ကြားခြင်း၊ Workshop များ ပြုလုပ်ခြင်း၊ သင်တန်းများ ပြုလုပ်ခြင်း စသည်တို့ကို ဝန်ကြီး ဌာနကိုယ်စားပြု ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့် ပုဂ္ဂလိကပါဝင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစာတမ်းနှင့် ကျောက်မီးသွေး၏အလားအလာနှင့် အသုံးပြုခြင်းစာတမ်းများ ပြုစုနိုင်ရန် အာဆီယံနိုင်ငံများထံမှ အချက်အလက်များ တောင်းခံခြင်း၊ သဘောထားမှတ်ချက်များ တောင်းခံခြင်းများ ဆောင်ရွက်ရန်၊

(ဂ) အခါအားလျော်စွာ ပေါ်ပေါက်လာသော အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီနှင့် ဆက်စပ်သည့်ကိစ္စရပ်များ ဆောင်ရွက်ရန်။

၃။ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၀၀၆/၂၀၁၂) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တုတွင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၂/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် သတ္တုတွင်းဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကြည်း ၃၈၄၃၆ ဗိုလ်ကြီး ကျော်စည်သူအား သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးရှိ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ပေးခန့်အပ်လိုက်သည်။

ဒေါက်တာမြင့်အောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သတ္တုတွင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနတို့မှ အောက်ဖော်ပြပါအရာထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည် -

| **စဉ် အမည်/ရာထူး/လစာနှုန်း/ဌာန** | **လစာနှုန်းတူပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ လစာနှုန်း/ဌာန** |
|---|---|
| (က) ဦးထွန်းအုံ<br>ဒုတိယပါမောက္ခချုပ် (စီမံ)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (ရန်ကုန်) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ရှေးဟောင်းသုတေသနနှင့်စီမံဘဏ္ဍာ)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန |

| စဉ် | အမည်/ရာထူး/လစာနှုန်း/ဌာန | လစာနှုန်းတူပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ လစာနှုန်း/ဌာန |
|---|---|---|
| (ခ) | ဦးအောင်ကိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရှေးဟောင်းသုတေသနနှင့်စီမံဘဏ္ဍာ)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန | ဒုတိယပါမောက္ခချုပ် (သင်ကြား)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (မန္တလေး) |
| (ဂ) | ဦးကိုကိုနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>အနုပညာဦးစီးဌာန | ဒုတိယပါမောက္ခချုပ် (စီမံ)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (ရန်ကုန်) |
| (ဃ) | ဦးရဲမြင့်<br>ဒုတိယပါမောက္ခချုပ် (သင်ကြား)<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ် (မန္တလေး) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>အနုပညာဦးစီးဌာန |

အေးမြင့်ကြူ
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၆၁/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးခင်မောင်ဝင်းအား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၆၄/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် လွှဲပြောင်းပေးထားသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သုတေသနဌာနခွဲမှ ကြည်း ၄၁၄၁၉ ဗိုလ်ကြီးထင်လင်းအောင်အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူး၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၉၀/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စီးပွားရေးသံမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးများသို့ တွဲဖက်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ညနေပိုင်းမှစ၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည် -

(က) ဦးအောင်ကျော်သန်း
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ခ) ဦးသန့်ဇင်
မန်နေဂျာ
မြန်မာ့အာမခံလုပ်ငန်း

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၆၂၄/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် လွှဲပြောင်းပေးထားသော အမှတ် (၅၄၇) ခြေမြန်တပ်ရင်းမှ ကြည်း ၃၆၁၄၆ ဗိုလ်ကြီးရဲနိုင်ထွန်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူး၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၆၂၅/ ၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက် )

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး/ ဒုတိယရေးယာဉ်မှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) (၄) ဦးတို့အား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး/ရေယာဉ်မှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ကိုယ်ပိုင်အမှတ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|---|
| (၁) | ကပ-၀၃၀၂ | ဦးဝင်းသန့် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| (၂) | ကပ-၀၂၅၄ | ဦးကျော်ကျော်မြင့်-၂ | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| (၃) | ကပ-၀၂၃၁ | ဦးတင်အောင်-၃ | ဒုတိယရေယာဉ်မှူး | ရေယာဉ်မှူး |
| (၄) | ကပ-၀၂၃၂ | ဦးကျော်ကျော်သင်း | ဒုတိယရေယာဉ်မှူး | ရေယာဉ်မှူး |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၇၃၅/ ၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက် )

၁။ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်၏လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရန်အတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများတို့ကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများ ပြည်တွင်းထုတ်လုပ်ရောင်းချမှုတို့အပေါ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်နေအိမ်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့ (ရန်ကုန်) မှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဝင်းမြအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံး (ပဲခူးတိုင်းဒေသကြီး) တွင် လစ်လပ်သည့်နေ့မှစ၍ အင်ဂျင်နီယာမှူး (မြို့ပြ) ရာထူးဖြင့် လစာနှုန်းတူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံဆောင်ရွက်ရန်ဖြစ်ပါသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းဦးစီးမှ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)၊ ကိုယ်ပိုင်အမှတ်၊ ဆ/၀၉၉၆၊ ဒုတိယအင်ဂျင်နီယာချုပ် (လေယာဉ်ကွင်း) ဦးညီညီအား အင်ဂျင်နီယာချုပ် (အဆောက်အဦ) အဖြစ် အဆောက်အဦဦးစီးတွင် ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံဆောင်ရွက်ရန်ဖြစ်ပါသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၃)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ (၃) မှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ကိုယ်ပိုင်အမှတ်၊ ဆ/၀၉၂၁၊ အင်ဂျင်နီယာမှူးကြီး (မြို့ပြ) ဦးဟန်စိုးအား လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)၊ ဒုတိယအင်ဂျင်နီယာချုပ် (လေယာဉ်ကွင်း) အဖြစ် လေယာဉ်ကွင်းဦးစီးတွင် ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေပြီး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ရတနာသိယံတံတားလုပ်ငန်းများ ပြီးစီးသည်အထိ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံ ဆောင်ရွက်ရန်ဖြစ်ပါသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၃)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့်ဒေသစီမံကိန်းဌာနခွဲမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်မီမီတင်အား ပြည်သူ့

ဆောက်လုပ်ရေးလုပ်ငန်း၊ ဗိသုကာဦးစီးတွင် လစ်လပ်လျက်ရှိသော အင်ဂျင်နီယာမှူးကြီး (ဗိသုကာ)၊ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေပြီး လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့်ဒေသစီမံကိန်းဌာနခွဲ၏ လုပ်ငန်းတာဝန်များကိုပါ ပူးတွဲထမ်းဆောင်စေလိုက်သည်။

လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံဆောင်ရွက်ရန်ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၃)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့်ဒေသစီမံကိန်းဌာနခွဲမှ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှိုင်မော်ဦး (ခ) မော်ဦးဟုတ်အား ယင်းဌာနတွင်ပင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံဆောင်ရွက်ရန်ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၃)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ (၁) မှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀)၊ ကိုယ်ပိုင်အမှတ်၊ ဆ/၁၈၂၆၊ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးသိန်းရွှေအား မြင်းခြံခရိုင်တွင် အင်ဂျင်နီယာမှူး (မြို့ပြ)၊ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

လုပ်ငန်းတာဝန်များ အမြန်ဆုံး လွှဲပြောင်း/လက်ခံဆောင်ရွက်ရန်ဖြစ်ပါသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက် )

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အဦဦးစီးမှ အင်ဂျင်နီယာချုပ် (အဆောက်အဦ)၊ ဦးခင်မောင်သိန်းအား လက်ရှိတာဝန်များအပြင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဧရာဝဏ်အိမ်ရာစီမံကိန်း၊ ရတနာအိမ်ရာစီမံကိန်းနှင့် အခြားတည်ဆောက်ရေးစီမံကိန်းများ၏ကိစ္စရပ်များကို အထူးတာဝန်တစ်ရပ်အနေနှင့် ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ခံအင်ဂျင်နီယာချုပ်အဖြစ် ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက် )

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် (ကြာသပတေးနေ့) တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၂) မှ သဘောတူ

ခွင့်ပြုပြီးဖြစ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ဖွဲ့စည်းပုံတွင် အရာထမ်းရာထူး (၁၄၀၀) နေရာ၊ အမှုထမ်းရာထူး (၂၃၄၃၆) နေရာ၊ စုစုပေါင်းရာထူး (၂၄၈၃၆) နေရာဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ဖွဲ့စည်းပုံတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရုံး (၅) ရုံးအတွက် အရာထမ်းရာထူး (၅) နေရာ၊ အမှုထမ်းရာထူး (၁၂၅) နေရာ၊ စုစုပေါင်းရာထူး (၁၃၀) နေရာဖြင့်လည်းကောင်း၊ ခရိုင်ရုံး (၂) ရုံးအတွက် အရာထမ်းရာထူး (၂) နေရာ၊ အမှုထမ်းရာထူး (၃၈) နေရာ၊ စုစုပေါင်းရာထူး (၄၀) နေရာဖြင့်လည်းကောင်း အသစ်ဖွဲ့စည်းခွင့်ပြုပါရန် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) မှ သဘောတူခွင့်ပြုပြီးဖြစ်ပါသဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ဖွဲ့စည်းပုံတွင် အရာထမ်းရာထူး (၁၄၀၇) နေရာ၊ အမှုထမ်းရာထူး (၂၃၅၉၉) နေရာ၊ စုစုပေါင်းရာထူး (၂၅၀၀၆) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ကျော်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက် )

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်စွဲဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၂) ဖြင့် ဖွဲ့စည်းထားသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘတ်ဂျက်နှင့် လုပ်ငန်းကော်မတီအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်း (Work) များ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လုပ်ငန်းကော်မတီအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းလိုက်သည် -

(က) ဒုတိယဝန်ကြီး (၁) ဥက္ကဋ္ဌ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊

(ခ) ဒုတိယဝန်ကြီး (၂) ဒုတိယဥက္ကဋ္ဌ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊

| | | |
|---|---|---|
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေး၊ | အဖွဲ့ဝင် |
| (စ) | ကျောင်းအုပ်ကြီး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ | အဖွဲ့ဝင် |
| (ဆ) | အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ)<br>မြန်မာ့မီးရထား၊ | အဖွဲ့ဝင် |
| (ဇ) | အထွေထွေမန်နေဂျာ (သွားလာပို့ဆောင်ရေး)<br>မြန်မာ့မီးရထား၊ | အဖွဲ့ဝင် |
| (ဈ) | အထွေထွေမန်နေဂျာ (စီးပွားရေး)<br>မြန်မာ့မီးရထား၊ | အဖွဲ့ဝင် |
| (ည) | အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်)<br>မြန်မာ့မီးရထား၊ | အဖွဲ့ဝင် |
| (ဋ) | အထွေထွေမန်နေဂျာ (စစ်ဆေးရေး)<br>မြန်မာ့မီးရထား၊ | အဖွဲ့ဝင် |
| (ဌ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)<br>မြန်မာ့မီးရထား၊ | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား၊ | အတွင်းရေးမှူး |
| (ဎ) | အထွေထွေမန်နေဂျာ (မြို့ပြ)<br>မြန်မာ့မီးရထား၊ | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဏ) | ညွှန်ကြားရေးမှူး (စီမံကိန်းနှင့်ဘတ်ဂျက်)<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန။ | တွဲဖက်အတွင်းရေးမှူး (၂) |

၅။ ဝန်ကြီးဌာန၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စီမံကိန်းလုပ်ငန်း ဆောင်ရွက်လိုမှုများနှင့် ဘတ်ဂျက်လျာထားချက်အရ ဆောင်ရွက်မည့် လုပ်ငန်း စီမံချက် ရေးဆွဲတင်ပြလာမှုကို ကြောင်းကျိုးသုံးသပ်စိစစ်၍ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက် ရယူခြင်း၊

(ခ) လုပ်ငန်းများ၏ ခန့်မှန်းခြေစာရင်း (Estimate) များ မှန်ကန်မှုရှိ/မရှိ စိစစ်ခြင်း၊ အတည်ပြုခြင်း၊

(ဂ) လက်တွေ့ဆောင်ရွက်မှုသည် ခန့်မှန်းခြေစာရင်းပါ လုပ်ငန်းအမျိုးအမည်၊ အတိုင်းအတာ၊ အရည် အသွေးဖြင့် ကိုက်ညီမှုရှိ/မရှိ၊ စံချိန်စံညွှန်း ကိုက်ညီမှုရှိ/မရှိ စိစစ်ကြပ်မတ်ခြင်း၊

(ဃ) လုပ်ငန်းပြီးစီးပါက လုပ်ငန်းဆောင်ရွက်သူက ပြန်လည်တင်ပြလာသည့် Revised Estimate နှင့် Measurement များကို စိစစ်အတည်ပြုပြီး အမှန်ပေးချေသင့်သည်ကိုသာ ပေးချေစေရေး အတွက် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီ၏ စစ်ဆေးအတည်ပြုချက်များ ရရှိအောင် ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းများ အချိန်မီ ပြီးစီးရန်အတွက်လည်းကောင်း၊ စံချိန်စံညွှန်း အရည်အသွေးကိုက်ညီရန် အတွက်လည်းကောင်း ကြီးကြပ်ပေးရမည့်အပြင် အခြားသော ဝန်ကြီးဌာန/အဖွဲ့အစည်း/ ဒေသ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း၊

(ဆ) လိုအပ်ပါက ပြင်ပ ကျွမ်းကျင်ပညာရှင်များ၊ အခြားသော ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အကူအညီများ ရယူခြင်း။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘတ်ဂျက်စိစစ်ရေးကော်မတီအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းလိုက်သည် -

(က) ဦးဇေယျာအောင် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ခ) သူရဦးသောင်းလွင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး (၁)
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဂ) ဦးချန်မောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး (၂)
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဃ) ဦးဆန်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(င) ဦးဇော်ဝင်းမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(စ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့မီးရထား

(ဆ) ဦးစန်းမြင့်ဦး — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး

(ဇ) ဦးဇော်မင်းဦး — အဖွဲ့ဝင်
ကျောင်းအုပ်ကြီး
ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း

(ဈ) ဦးသိန်းလွင် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ)
မြန်မာ့မီးရထား

(ည) ဦးတင်စိုး — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ (မြို့ပြ)
မြန်မာ့မီးရထား

(ဋ) ဦးစောဗယ်လင်တိုင်း — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ (စက်မှု/လျှပ်စစ်)
မြန်မာ့မီးရထား

(ဌ) ဦးမောင်မောင်လွင် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)
မြန်မာ့မီးရထား

(ဍ) ဦးသူရိန်ဝင်း — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ (စီးပွားရေး)
မြန်မာ့မီးရထား

(ဎ) ဦးမြင့်ဝေ — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ (သွားလာပို့ဆောင်ရေး)
မြန်မာ့မီးရထား

(ဏ) ဦးဝင်းနောင် — အတွင်းရေးမှူး
ရုံးအဖွဲ့မှူး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(တ) ဒေါ်အေးအေးလှ — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

၂။ ဝန်ကြီးဌာန၊ ဘတ်ဂျက်စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(က) ရထားပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများ၏ ဘတ်ဂျက်များကို ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စီမံသုံးစွဲမှုရှိ/မရှိနှင့် ထိရောက်အကျိုးရှိစွာ သုံးစွဲမှုရှိ/မရှိ စိစစ်ခြင်း၊

(ခ) အသုံးစရိတ်များကို အမှန်လိုအပ်သော နေရာ၌သာ သုံးစွဲရေး၊ အလေအလွင့် လျော့နည်းပပျောက်ရေးတို့အတွက် စိစစ်ကြပ်မတ်ပေးခြင်း၊

(ဂ) သတ်မှတ်ထားသော ရငွေများကို ရရှိရေးအတွက် စီမံခြင်း၊ ကြီးကြပ်ခြင်း၊

(ဃ) ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကြီးကြပ်ကွပ်ကဲမှုအတွက် လစဉ်လုပ်ဆောင်ချက်ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြ၍ မှတ်တမ်းတင်ခြင်း။

ဇေယျာအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## **အပိုင်း ၂**

### **နိုင်ငံတော်သမ္မတရုံး**
### **အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၂) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းအား အမှတ် (၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

အမှတ် ၁၄။ ။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ သာဂရကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၆၇၀/သာဂရတောင်ကွင်း)၊ မြေကွက်အမှတ် (၁၀၃) ရှိ မြေဧရိယာ (၂.၅၅) ဧကရှိမြေအား **"ဘုရားကြီးကျောင်း"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက် )

အမှတ် ၁၅။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပြည်သာယာရပ်ကွက်၊ ကွင်းအမှတ်/အမည် - (၆၅၅/သီလဝါတောင်)၊ မြေကွက်အမှတ် (၉၀၀) နှင့် (၂၄၉၅) တို့ရှိ **ကုန်းတန်းဘုန်းတော်ကြီးကျောင်းနှင့် တောရကျောင်း**တို့၏ အမည်ပေါက်**မြေဧရိယာ (၁၆. ၆၂) ဧကအား သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ - ၃၆ နှင့်အညီ သာသနာ့မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုလိုက်သည်။

အမှတ် ၁၆။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ အေးမြသီတာရပ်ကွက် (ယခင်ဖလမ်းကျေးရွာ)၊ **(ဖလမ်း) ဘုန်းတော်ကြီးကျောင်း**အမည်ပေါက် ကွင်းအမှတ်/အမည် - (၆၀၉/ဖလမ်းမြောက်ကွင်း) ရှိ သာသနာ့မြေဧရိယာ (၈. ၈၃) ဧကအနက်မှ မြေဧရိယာ (၁. ၀၀) ဧကနှင့် ကွင်းအမှတ်/အမည် - (၆၀၉-အေ/ဖလမ်းကွင်း) မှ သာသနာ့မြေဧရိယာ (၂. ၅၃) ဧက၊ **စုစုပေါင်း မြေဧရိယာ (၃. ၅၃) ဧကအား သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၆ နှင့်အညီ သာသနာ့မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

အမှတ် ၁၁/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | |
|---|---|
| မြင့်အောင် | ကြည်း ၆၅၅၈၆ |

## (ရေတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

အမှတ်စဉ် ၁/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့

အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | ထွန်းထွန်းစိုး | ရေ | ၅၀၄၁ |

## (ကြည်းတပ်ဌာနခွဲ)

အမှတ် ၃၉/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးတို့မှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | ကျော်ဝင်းစိန် | ကြည်း | ၆၅၈၃၅ | (၁၁-၄-၂၀၁၃) |
| (၂) | ထင်ကျော် | ကြည်း | ၆၅၈၃၆ | (၁၁-၄-၂၀၁၃) |
| (၃) | အေးသွင် | ကြည်း | ၆၅၈၃၇ | (၁၁-၄-၂၀၁၃) |
| (၄) | မောင်မောင် | ကြည်း | ၆၅၈၃၈ | (၁၁-၄-၂၀၁၃) |
| (၅) | သန်းဖေ | ကြည်း | ၆၅၈၃၉ | (၁၁-၄-၂၀၁၃) |
| (၆) | တင်ညွန့် | ကြည်း | ၆၅၈၄၀ | (၁၁-၄-၂၀၁၃) |
| (၇) | မောင်ငြိမ်း | ကြည်း | ၆၅၈၄၁ | (၁၁-၄-၂၀၁၃) |
| (၈) | စိန်ထွန်းသာ | ကြည်း | ၆၅၈၄၂ | (၁၁-၄-၂၀၁၃) |
| (၉) | လှဝေ | ကြည်း | ၆၅၈၄၃ | (၁၁-၄-၂၀၁၃) |
| (၁၀) | သိန်းထွန်း | ကြည်း | ၆၅၈၄၄ | (၁၁-၄-၂၀၁၃) |
| (၁၁) | ဇော်ဝင်း | ကြည်း | ၆၅၈၄၅ | (၁၁-၄-၂၀၁၃) |
| (၁၂) | ငွေးအောင် | ကြည်း | ၆၅၈၄၆ | (၁၁-၄-၂၀၁၃) |
| (၁၃) | ငွေးမြင့် | ကြည်း | ၆၅၈၄၇ | (၁၁-၄-၂၀၁၃) |
| (၁၄) | ဝင်းမြင့် | ကြည်း | ၆၅၈၄၈ | (၁၁-၄-၂၀၁၃) |
| (၁၅) | တင်ထွန်း | ကြည်း | ၆၅၈၄၉ | (၁၁-၄-၂၀၁၃) |
| (၁၆) | ကိုကိုမောင် | ကြည်း | ၆၅၈၅၀ | (၁၁-၄-၂၀၁၃) |
| (၁၇) | လှမြင့် | ကြည်း | ၆၅၈၅၁ | (၁၁-၄-၂၀၁၃) |
| (၁၈) | ထိန်ဝင်း | ကြည်း | ၆၅၈၅၂ | (၁၁-၄-၂၀၁၃) |
| (၁၉) | အောင်ကျော်ဦး | ကြည်း | ၆၅၈၅၃ | (၁၁-၄-၂၀၁၃) |
| (၂၀) | အောင်မြင့် | ကြည်း | ၆၅၈၅၄ | (၁၁-၄-၂၀၁၃) |
| (၂၁) | စိုးအောင် | ကြည်း | ၆၅၈၅၅ | (၁၁-၄-၂၀၁၃) |
| (၂၂) | မြင့်သန်း | ကြည်း | ၆၅၈၅၆ | (၁၁-၄-၂၀၁၃) |
| (၂၃) | ခင်မောင်အေး | ကြည်း | ၆၅၈၅၇ | (၁၁-၄-၂၀၁၃) |
| (၂၄) | တင်ထွေး | ကြည်း | ၆၅၈၅၈ | (၁၁-၄-၂၀၁၃) |

| | | | | |
|---|---|---|---|---|
| (၂၅) | ထွန်းမြင့် | ကြည်း | ၆၅၈၅၉ | (၁၁-၄-၂၀၁၃) |
| (၂၆) | အောင်မြင့် | ကြည်း | ၆၅၈၆၀ | (၁၁-၄-၂၀၁၃) |
| (၂၇) | ညီညီ | ကြည်း | ၆၅၈၆၁ | (၁၁-၄-၂၀၁၃) |
| (၂၈) | ကျော်မင်းဆွေ | ကြည်း | ၆၅၈၆၂ | (၁၁-၄-၂၀၁၃) |
| (၂၉) | မြင့်ကြိုင် | ကြည်း | ၆၅၈၆၃ | (၁၁-၄-၂၀၁၃) |
| (၃၀) | တင်ဦး | ကြည်း | ၆၅၈၆၄ | (၁၁-၄-၂၀၁၃) |
| (၃၁) | ကျော်မြင့်သိန်း | ကြည်း | ၆၅၈၆၅ | (၁၁-၄-၂၀၁၃) |
| (၃၂) | ဌေးမြင့် | ကြည်း | ၆၅၈၆၆ | (၁၁-၄-၂၀၁၃) |
| (၃၃) | အေးထွန်း | ကြည်း | ၆၅၈၆၇ | (၁၁-၄-၂၀၁၃) |
| (၃၄) | တင်လှိုင် | ကြည်း | ၆၅၈၆၈ | (၁၁-၄-၂၀၁၃) |
| (၃၅) | မောင်မောင်ဦး | ကြည်း | ၆၅၈၆၉ | (၁၁-၄-၂၀၁၃) |
| (၃၆) | ကျော်မြိုင် | ကြည်း | ၆၅၈၇၀ | (၁၁-၄-၂၀၁၃) |
| (၃၇) | စန်းလွင် | ကြည်း | ၆၅၈၇၁ | (၁၁-၄-၂၀၁၃) |
| (၃၈) | သိန်းဝင်း | ကြည်း | ၆၅၈၇၂ | (၁၉-၄-၂၀၁၃) |
| (၃၉) | ကွန်းဇော်ဝင့် | ကြည်း | ၆၅၈၇၃ | (၂၁-၄-၂၀၁၃) |
| (၄၀) | ကျော်စိန် | ကြည်း | ၆၅၈၇၄ | (၂၁-၄-၂၀၁၃) |
| (၄၁) | သန်းထွန်း | ကြည်း | ၆၅၈၇၅ | (၂၁-၄-၂၀၁၃) |
| (၄၂) | အောင်ဝင်း | ကြည်း | ၆၅၈၇၆ | (၂၁-၄-၂၀၁၃) |
| (၄၃) | စောဝင်း | ကြည်း | ၆၅၈၇၇ | (၂၁-၄-၂၀၁၃) |
| (၄၄) | ထိန်လင်း | ကြည်း | ၆၅၈၇၈ | (၂၁-၄-၂၀၁၃) |
| (၄၅) | သာလှအောင် | ကြည်း | ၆၅၈၇၉ | (၂၁-၄-၂၀၁၃) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

အမှတ် ၄၀/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) ကျော်နု ကြည်း ၆၅၈၈၀

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

**အလိုပြည့် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း

၁။ ၂၀၁၃ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၅-၇-၂၀၁၃) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်သန်းသန်းစိုး
မန်နေးဂျင်းဒါရိုက်တာ
အလိုပြည့် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၀၄၃၄၉၊ ၅၂၃၃၂၇

## သစ္စာကြွယ်စင် ကုမ္ပဏီလီမိတက်

## Star Loyal Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **သစ္စာကြွယ်စင် ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၄-၆-၂၀၁၃) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B.Com, C.P.A)** အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၈-၇-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်တင်တင်အုံး
မန်နေးဂျင်းဒါရိုက်တာ
သစ္စာကြွယ်စင် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

## THAN LWIN TAUNG TAN IMPORT & EXPORT COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ ဖျက်သိမ်းဆဲ **THAN LWIN TAUNG TAN IMPORT & EXPORT COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၆-၇-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်တင်တင်ကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## သန်းကြယ် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်

## Mega Star International Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဉပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **သန်းကြယ် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၄-၆-၂၀၁၃) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B.Com, C.P.A)** အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၈-၇-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက် ပါသည်။

ဒေါ်ချယ်ရီမေ
မန်နေးဂျင်းဒါရိုက်တာ
သန်းကြယ် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

## THE WOOD OVEN COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဉပဒေပုဒ်မ၊ ၂၀၈-င အရ ဖျက်သိမ်းဆဲ **THE WOOD OVEN COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင် များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၆-၇-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်တင်တင်ကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**New Triple Seven Construction Company Limited**

(အစုရှင်များ၏ဆန္ဒအရဖျက်သိမ်းဆဲ) နှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-c အရ ဖျက်သိမ်းဆဲ **New Triple Seven Construction Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းအတည်ပြုမည်ဖြစ်ပါ၍ အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၇-၇-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၂း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | MAC Tower (ပထမထပ်)၊ အမှတ် - ၅၆၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဦးခင်မောင်မြင့် [B.A (Law), LL.B]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၇-၆-၂၀၁၃။